
www.burmeseclassic.com

# ရွှေတိဂုံစေတီတော်

# မဟာပဋ္ဌာန်း



နှစ် (၂၆၀၀) ပြည့်

၁၃၇၃ ခုနှစ် ဗုဒ္ဓပူဇနီယပွဲတော် ၂၀၁၂ ခုနှစ်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

မဟာပဋ္ဌာန်းဝတ်ရွတ်စဉ်

(ဆဋ္ဌသံဂါယနာတင်မူတော်)

ပစ္စယုဒ္ဒေသ - ပစ္စယနိဒ္ဒေသ - ပုစ္ဆာဝါရ

မဟာပဋ္ဌာန်းပါဠိတော်

# ရွှေတိဂုံ မဟာပဋ္ဌာန်း

## နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့

ရွှေတိဂုံစေတီတော်၊ ဒဂုံတိုက်၊ ရန်ကုန်မြို့

၁၃၇၃ ခုနှစ် (သာသနာ ၂၅၅၅) ၂၀၁၂ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၂၆၁၁၁၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၂၄၀၁၁၀၉

ထုတ်ဝေသူ

ဦးဝင်းကြိုင်

အတွင်းရေးမှူး

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့

မျက်နှာဖုံးဒီဇိုင်းနှင့် အတွင်းစာစီ

နိုင်လင်းအောင် (ထီလာ)

ပုံနှိပ်

Able

Design & Printing Services

09 73 135 925, 09 431 82054

"ထုတ်ဝေသည့် စာအုပ် ကတ်တလောက် အညွှန်း" (CIP)

၂၉၄-၃

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့

ရွှေတိဂုံစေတီတော် မဟာပဋ္ဌာန်း / ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့

\- ရန်ကုန်၊

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံးစာပေ၊ ၂၀၁၉။

\- ၆၄ - စာ၊ ၁၀.၈ x ၁၆.၅ စင်တီ၊

(၁) ရွှေတိဂုံစေတီတော် မဟာပဋ္ဌာန်း

BURMESE CLASSIC

# ရွှေတိဂုံစေတီတော် မဟာပဋ္ဌာန်း

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကျမ်းဦးနိဒါန်း | ၅ |
| ၂။ | နှစ် ၂၆၀၀ ပြည့် ရွှေတိဂုံစေတီတော် | ၁၁ |
| ၃။ | ဘုရားပင့်ဂါထာတော် | ၂၃ |
| ၄။ | နတ်ပင့်ဂါထာတော် | ၂၇ |
| ၅။ | မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ရန် တိုက်တွန်းလွှာ | ၂၉ |
| ၆။ | ပဋ္ဌာန်းပါဠိတော် | ၃၀ |
| ၇။ | ပစ္စယုဒ္ဒေသပါဠိ | ၃၁ |
| ၈။ | ပစ္စယုဒ္ဒေသနိဒ္ဒေသ (လက်ာအနက်) | ၅၀ |
| ၉။ | မဟာပဋ္ဌာန်း (ပုစ္ဆာဝါရပါဠိတော်) | ၆၁ |
| ၁၀။ | ရောင်ခြည်တော်ခြောက်သွယ်ဖွင့် (ရှစ်လုံးဖွဲ့ကာချာများ) | ၆၈ |
| ၁၁။ | ခုနစ်နေ့ဘုရားရှိခိုး | ၇၄ |
| ၁၂။ | သဗ္ဗဗုဒ္ဓါနဘုရားရှိခိုး | ၇၈ |
| ၁၃။ | မေတ္တာ အာသီသ | ၈၁ |
| ၁၄။ | မေတ္တာပို့ ဂါထာတော် | ၈၅ |
| ၁၅။ | နတ်ပို့အမျှဝေဂါထာတော် | ၈၇ |
| ၁၆။ | ၃၁ ဘုံသားတို့အား အမျှဝေဂါထာတော် | ၈၈ |
| ၁၇။ | အမျှဝေလင်္ကာ | ၈၉ |

www.burmeseclassic.com

# ရွှေတိဂုံစေတီတော်မဟာပဋ္ဌာန်း
## ကျမ်းဦးနိဒါန်း

၁။ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ဒေအာင်မြင်စွာ တည်ထားပြီးစီး ကိုးကွယ်လာခဲ့ကြောင်း သမိုင်းစာတမ်းများက မိန့်ဆိုကြပါသည်။ ယခုကောဇာ သက္ကရာဇ် ၁၃၇၃ ခုနှစ်မှ အစပြု၍ ပြန်၍ရေတွက်သော် စေတီတော်မြတ်ကြီး၏ သက်တမ်းတော်သည်နှစ်ပေါင်း ၂၆၀၀ နှစ် ရှိခဲ့လေပြီ။ ပရိနိဗ္ဗာန်ပြုပြီးသည့် နောက် ရောက်ဆဲသာသနာတော်နှစ် ၂၅၅၅ နှစ်နှင့် ဘုရားရှင် ဝါတော် ၄၅ ဝါ (၄၅ နှစ်) တို့ကိုပေါင်း သော် ၂၆၀၀ နှစ်ဖြစ် ပါသည်။

၂။ ဂေါဝါဠိ သဲစုမကာ ပွင့်တော်မူကြကုန်သော မြတ်စွာဘုရားရှင်တို့အား ရည်မှန်းပူဇော်သောအားဖြင့် ရှေးအခါက တပေါင်းလတွင် "သဲပုံစေတီပူဇော်ပွဲ" များကို ကျင်းပခဲ့ကြပါသည်။ မူလဝေါဟာရသည် ဗုဒ္ဓပူဇနိယ "ဘုရားပူဇော်ပွဲ" ဖြစ်ပါသည်။ ရာသီသာစွ ငွေရှင်လဖြစ်သော တပေါင်းလရာသီတွင် ရှေးမြန်မာကြီးတို့သည် နှစ်ပတ်

www.burmeseclassic.com



လည်း ဘုရားပူဇော်ပွဲများကို ကျင်းပခဲ့ကြပါသည်။ "ဘုရားပူဇော်ပွဲ" ကို အတိုကောက် အလွယ်တကူခေါ်ကြရာမှ "ပူဇော်" တစ်လုံးပျောက်ဆုံးခဲ့ရပြီး "ဘုရားပွဲ" ဖြစ်ခဲ့ရပါသည်။ ဘုရားပူဇော်ပွဲ ဝေါဟာရမှ ဘုရားပွဲ ဝေါဟာရ အသုံးတွင်ကျယ်လာသောအခါ "ပညတ်သွားရာ ဓာတ်သက်ပါ" ဟူသည့်အတိုင်း ပူဇော်မှုထက် ပျော်ပွဲ ရှင်ပွဲ (ပွဲ) တို့ကို ရှေ့တန်းတင် လာခဲ့ကြပါသည်။

၃။ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သည် မြတ်နိုးဖွယ်ကောင်းလှသော မူလရည်ရွယ်ချက်မှ ယိုယွင်းလာသည့် ဘုရားပွဲတို့ကို မူလရည်ရွယ်ချက်အတိုင်း ဘုရားပူဇော်ပွဲဖြစ်လာစေရန် သက္ကရာဇ် ၁၃၃၄ ခုနှစ် (၂၅၆၁–နှစ်မြောက်တပေါင်းလပူဇော်ပွဲ) မှစ၍ "ဗုဒ္ဓပူဇနီယကော်မတီ" ကို ဖွဲ့စည်းပြီး "ဘုရားပွဲမှ ဘုရားပူဇော်ပွဲသို့" ဟူသော ဦးတည်ချက်ဖြင့် ပြုပြင်စီမံဆောင်ရွက်ခဲ့ပါသည်။

၄။ ထိုသို့ ၂၅၆၁–နှစ်မြောက် တပေါင်းလပူဇော်ပွဲ (၁၃၃၄ ခုနှစ်) မှစ၍ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့သည် "အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲကြီး" ဖြင့် ဘုရားပူဇော်ပွဲကို ပြန်လည်သရုပ်ဖော်ခဲ့ပါသည်။ "ဗုဒ္ဓပူဇနီယ" ဟူသော အမည်နာမအားလျော်စွာ ဗုဒ္ဓမြတ်စွာကို ပူဇော်




ရာတွင် မြတ်စွာဘုရား မြတ်နိုးတော်မူသော "ဓမ္မပူဇာ" ဖြင့် အားရပါးရ ပူဇော်ကန်တော့လိုပါသောကြောင့် အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲ (ဓမ္မပူဇာအစီအစဉ်) ကို ထည့်သွင်းစီစဉ်ရခြင်း ဖြစ်ပါသည်။ ထို့ပြင်သာမက ၂၅၇၈–နှစ်မြောက်တပေါင်းလပူဇော်ပွဲမှ စတင်ကာ ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် သာသနာတော်ကို ဦးဆောင်ထိန်းသိမ်း စောင့်ရှောက်ကြကုန်သော သံဃာတော်များအား မျိုးမြောက်ပူဇော်သည့် "သံဃာ့ပူဇာ" အနေဖြင့် သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းဆန်တော် လောင်းလှူသော အစီအစဉ်ကို ထပ်မံဖြည့်တင်း ဆောင်ရွက်ခဲ့ပါသည်။

၅။ ဓမ္မပူဇာကို ရွေးချယ်ရာတွင် သာသနာတော်သုံးရပ်၏ မူလဘူတသည် ပရိယတ်ဖြစ်၍ ပရိယတ်ခေါ်သော ပိဋကတ်သုံးပုံတို့ ကွယ်သောအခါ မဟာပဋ္ဌာန်းကျမ်းကြီးမှ စတင်၍ ကွယ်မည်ဟု ကျမ်းဂန်အဆိုအမိန့်ရှိသောကြောင့် သာသနာတော်၏ မူလဘူတဖြစ်သော မဟာပဋ္ဌာန်းကျမ်းကြီးကို မြန်မာပြည်သာသနာတော်၏ မူလဘူတဖြစ်သော ရွှေတိဂုံစေတီ၊ သိင်္ဂုတ္တရကုန်းတော်မှ ခိုင်းအားရှိသလောက် ထိန်းသိမ်းစောက် ရှောက်ရန်လှူသော စေတနာဆန္ဒဖြင့်မဟာပဋ္ဌာန်းကျမ်းတော်ကြီးကိုရှေ့တန်းတင်ရွေးချယ်ပူဇော်ကြခြင်း ဖြစ်ပါသည်။

www.burmeseclassic.com



၆။ တာဝတိံသာနတ်ပြည်တွင် မဟာပဋ္ဌာန်းကျမ်း အပါအဝင်ဖြစ်သော အဘိဓမ္မာ (၇) ကျမ်းကို မြတ်စွာဘုရား ဟောကြားတော်မူရာ၌ “အသံမစဲ” ဟောကြားတော်မူခဲ့ပါသည်။ အသံမစဲဟောကြားတော်မူခဲ့သော မြတ်စွာဘုရားအား အသံမစဲသော ဓမ္မပူဇာဖြင့် ကျေးဇူးတော်ဆပ်လိုပါသောကြောင့် “အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲကြီး” ကို စီစဉ်ရခြင်းဖြစ်ပါသည်။



www.burmeseclassic.com






# နှစ် ၂၆၀၀ ပြည့် ရွှေတိဂုံစေတီတော်

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို လွန်ခဲ့သောနှစ်ပေါင်း ၂၆၀၀ က သိင်္ဂုတ္တရကုန်းတော် မြေမြတ်မဟာတွင် ဥက္ကလာပမင်းကြီး တည်ထားကိုးကွယ်ခဲ့ပါသည်။

ဂေါတမမြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့အရုဏ်မတက်မီအချိန်တွင် မဟာဗောဓိပင်ရင်း၌ သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိကာ ဘုရားအဖြစ်သို့ ရောက်တော်မူပါသည်၊ ဘုရားရှင်သည် သတ္တ သတ္တာဟ စံတော်မူပြီး ၄၉ ရက်မြောက်နောက်ဆုံးနေ့တွင် လင်းလွန်းပင်ရင်း၌ စံနေတော်မူစဉ် ဥက္ကလာပတိုင်းသား တပုဿနှင့် ဘလ္လိကကုန်သည် ညီနောင်တို့သည် နောက်ပါ လှည်းသားငါးရာတို့နှင့်အတူ ကုန်ကူးသန်းသွားလာရင်း မဇ္ဈိမဒေသသို့ ရောက်ရှိလာကြရာ ဘဝဟောင်းကဆွေမျိုးတော်စပ်ခဲ့ဘူးသော ရုက္ခစိုးနတ်မင်း၏ ညွှန်ပြမှုကြောင့် ဘုရားရှင်ထံသို့ ရောက်ရှိဖူးမြော်ကြလေသည်။ ဘုရားရှင်အား မိမိတို့တွင် ပါရှိလာသော မုန့်ကြွက်ကျစ်နှင့် ပျားဆုပ်မုန့်တို့ဖြင့် လှူဒါန်းပူဇော်ကြလေသည်။

www.burmeseclassic.com



ဘုရားရှင်သည် ကုန်သည်ညီနောင်တို့အား ဒွေဝါစိက သရဏဂုံနှစ်ပါးနှင့် ဆံတော်မြတ်ရှစ်ဆူကို ပေးအပ်ချီးမြှင့်တော်မူသည်။ နောင်တော်ဘုရားသုံးဆူတို့၏ ပရိဘောဂဓာတ်တော်များ ကိန်းဝပ်ရာ ဖြစ်တော်မူသော သိင်္ဂုတ္တရကုန်းတော်မြတ်၌ ငါ၏ဆံတော်များကို ဌာပနာလျက် စေတီတည်ထားကြကုန်လော့ဟူသော ဗျာဒိတ်စကားကို မိန့်ကြားတော်မူလေသည်။

ကုန်သည်ညီနောင်တို့သည် သိကြားမင်းဖန်ဆင်းသော ပတ္တမြားကြုတ်တော်နှင့် ရတနာပြာသာဒ်တော်၌ ဆံတော်များကို ကိန်းဝပ်စံပယ်တော်မူစေပြီး၍ ဦးခေါင်းထက်၌ တင်ဆောင်ကာ ဥက္ကလာပတိုင်းသို့ ကုန်းလမ်းခရီး၊ ရေလမ်းခရီးအသွယ်သွယ်ဖြင့် ပင့်ဆောင်လာခဲ့ကြပါသည်။ ခရီးတစ်ထောက်အဖြစ် စစ်တွေမြို့၏ အရှေ့တောင်ဘက် ဆယ်မိုင်ခန့်အကွာ ဖရုံကာကျွန်းစုများအနက် ဇေဋ္ဌဒီပကျွန်းရှိ အဇ္ဈတ္တနဂရမြို့ အကောက်ဆိပ်သို့ ရောက်ရှိလာကြလေသည်။ ဆံတော်မြတ်များသည် ရောင်ခြည်တော်ကွန့်မြူးကာ ကြည်ညိုဖွယ်အသွင် ဖူးမြင်ကြရသော ဇေဋ္ဌဒီပကျွန်းဘုရင်မင်းနှင့် ပြည်သူပြည်သားတို့မှာ ကြည်ညိုသဒ္ဓါဖြင့် ဖူးမြင်မဝဖြစ်ကြရလေသောအခါ ကုန်သည်ညီနောင်တို့ထံမှ ဆံတော်မြတ်နှစ်ဆူကို တောင်းခံကြလေသည်။ ကုန်သည်ညီနောင်တို့



သည် မပေးအပ်လိုကြသော်လည်း ဘုရင်မင်းမြတ်သည် ဆံတော်မြတ်နှစ်ဆူကို အနိုင်အထက်ပြုကာဆောင်ယူထားလိုက်လေသည်။

ကုန်သည်ညီနောင်တို့သည် အားမတန်မာန်လျှော့လျက် ခရီးဆက်လက်ထွက်ခွာလာခဲ့ကြရာ လမ်းခရီးတွင် ရပ်နားလိုခြင်းမရှိသော်လည်းရာသီဥတုအခြေအနေမှာ မိုးရောလေပါပြင်းထန်လာသည့်အတွက် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်နေ့တွင် နာဂရာဇ်မော်အငူ (ယခုပုသိမ်မော်တင်စွန်း) သို့ ရောက်ရှိကာ မဖြစ်မနေ တစ်ညတာ ခေတ္တရပ်နားခဲ့ကြလေသည်။ ထိုည၌ ဆံတော်မြတ်တို့မှာ သပ္ပာယ်ကြည်ညိုဖွယ်ရောင်ခြည်တော်များ ကောင်းကင်တစ်ခွင်လုံး ကွန့်မြူးထွက်ပေါ်နေသည်ကို ဖူးမြင်ကြရသဖြင့် နဂါးလုလင်တစ်ဦးသည် လူယောင်ဖန်ဆင်းပြီး ဆံတော်မြတ်နှစ်ဆူကို ခိုးယူ၍ ဇေယျသေန နဂါးမင်းထံ ဆက်သလေသည်။ ကုန်သည်ညီနောင်တို့သည် ဆံတော်မြတ်နှစ်ဆူထပ်မံ ပျောက်ဆုံးသွားပြန်သဖြင့် ဝမ်းနည်းပူဆွေးကြကာ အမြန်ဆုံးခရီးဆက်ခဲ့ကြလေသည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက် တနင်္ဂနွေနေ့တွင် ပေါက္ခရဝတီမြို့၏ ဆိပ်ကမ်းဖြစ်သော ဓညဝတီ (ခေါ်) ဟပင်း (ကသစ်ပင်ဆိပ်ကမ်း) သို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိခဲ့ပြီး ဆိပ်ကမ်း၏အနောက်ဘက် မြောက်မိုင်ခန့်အကွာရှိ မေရုဒကုန်းသို့ နဝရတ်ပြဿဒ်ကို ပင့်ဆောင်၍ ဘုရားရှင်၏ ဆံတော်မြတ်တို့အား ခုနစ်ရက်ပတ်လုံး ပွဲလမ်းသဘင် ဆင်ယင်ကျင်းပကာ ပူဇော်ကြလေသည်။ ဆံတော်မြတ်များကို ထိုဒေသဝန်းကျင်မှ ပြည်သူအများ လာရောက် ပူဇော်ခဲ့ကြပါသည်။ ကုန်သည်ညီနောင် တို့သည် ဘုရားရှင်၏ ဆံတော်များ ပင့်ဆောင်လာပြီဖြစ်ကြောင်းကိုလည်း ဥက္ကလာပမင်းကြီးထံ တမန်များစေလွှတ်လျှောက်ထားစေသည်။

ဆံတော်မြတ်များကို မေရုဒကုန်းမှ ဆက်လက်ပင့်ဆောင်လာရာ ဒေးတနောရွာ၊ အင်္ဂလုံးရွာ၊ ဆပုဂ်ရွာ၊ တရုတ်ကုန်းရွာ၊ တဂုံမြို့ရွာ၊ လက်ခိုက်ရွာ၊ ကော့မှူးရွာ၊ ဖလကြီးရွာနှင့် ကဘင်းရွာများကို ဖြတ်သန်းပင့်ဆောင်ခဲ့ကြပါသည်။ နောင်တွင် အဆိုပါရွာများ၌ ဆံတော်ကြို စေတီများကို အသီးသီးတည်ထားကိုးကွယ်ခဲ့ကြသည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ စနေနေ့တွင် ဥက္ကလာပဆိပ်ကမ်းနေရာ (ယခုမိုလ်တထောင်ဆိပ်ကမ်း) သို့ ဆံတော်မြတ်များ ဆိုက်ရောက်ခဲ့သဖြင့် ဥက္ကလာပမင်းကြီးနှင့် ပြည်သူအများသည် တပ်တောင့်တန်ခိုလ်ထုဖြင့် ခင်းကျင်းကာကြိုဆို၍ ဆံတော်မြတ်များကို အသင့်ဆောက်လုပ်ထားသော ရတနာမဏ္ဍပ်၌



ကိန်းဝပ်စံပယ်စေကာ အားပါးတရပူဇော်ကြလေသည်။

ဥက္ကလာပမင်းကြီးသည်ဆံတော်မြတ်လေးဆူလမ်းခရီးတွင် ဆုံးရှုံးခဲ့ ကြောင်းကုန်သည်ညီနောင်တို့၏ လျှောက်တင်ချက်အရသိရှိရသောအခါလက်အုပ်ချီမိုးရှိခိုးအမိန့်ဌာန်ပြုပြီး ဆံတော်မြတ်များ ကိန်းဝပ်သည့် ပတ္တမြားကြုတ်တော်ကို ဖွင့်လေရာ ဆုံးရှုံးခဲ့သော ဆံတော်မြတ်လေးဆူအပါအဝင် ဘုရားရှင်ပေးသနား ချီးမြှင့်တော်မူခဲ့သည့်အတိုင်း ဆံတော်မြတ်ရှစ်ဆူကို ဝမ်းမြောက်ဖွယ်ဖူးမြင်ကြရလေသည်။ ဥက္ကလာပမင်းကြီးသည် ဆံတော်များကို ဌာပနာပြု၍ စေတီတည်ထားကိုးကွယ်ရန် စီမံလေသည်။ သိကြားမင်း၏ အကူအညီဖြင့် သိင်္ဂုတ္တရကုန်းတော်ကို ရှာဖွေတွေ့ရှိပြီးနောက် ရှေးဘုရားသုံးဆူတို့၏ ဓာတ်တော် မွေတော်များဖြစ်သော ကကုသန်မြတ်စွာဘုရား၏ တောင်ဝေးတော်၊ ကောဏာဂုံမြတ်စွာဘုရား၏ ရေစစ်တော်၊ ကဿပမြတ်စွာဘုရား၏ ရေသနုပ်သင်္ကန်းတော်တို့ကို နတ်မင်းကြီးများ၏ ညွှန်ပြမှုကြောင့် တူးဖော်တွေ့ရှိဖူးမြင်ရပြီး ဘုရားလေးဆူတို့၏ ဓာတ်တော်များကို ဌာပနာပြုကာ ဉာဏ်တော် ၄၄ တောင် (၆၆ ပေ) မြင့်သော ရွှေတိဂုံစေတီတော်ကို တည်ထားခဲ့ပါသည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ဥက္ကလာပမင်းကြီး၊ တပုဿ၊ ဘလ္လိကညီနောင်နှင့် ပြည်သူပြည်

www.burmeseclassic.com

www.burmeseclassic.com



သားအများတို့သည် ဖလးဆူမာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကြီးကို ကြီးကျယ်ခမ်းနားစွာ ဆင်ယင်ကျင်းပပါသည်။ နောင်သောကာလတွင် ဥက္ကလာပမင်းအဆက်ဆက်နှင့်တကွ မင်းဘုရင် အဆက်ဆက်တို့ တိုးချဲ့ပြုပြင်တည်ထားခဲ့ကြရာ လက်ရှိ ၃၂၆ ပေမြင့်သော ရွှေရောင်တဝင်းဝင်းဖြင့် ကြည်ညိုသပ္ပာယ်ဘွယ်ရာ ဖူးတွေ့ကြရပေသည်။

နှစ်စဉ်နှစ်တိုင်း တပေါင်းလပြည့်နေ့တွင် ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနီယပူဇော်ပွဲကြီးကို ကျင်းပပြုလုပ်လာခဲ့သည်မှာ မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့် (ဗုဒ္ဓဟူးနေ့) ခရစ်နှစ် ၂၀၁၂ ခုနှစ်၊ မတ်လ (၇) ရက်နေ့တွင် နှစ်ပေါင်း ၂၆၀၀ ပြည့်သို့ ရောက်ရှိတော့မည်ဖြစ်ရာ ယခင်နှစ်များထက် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ရွှေတိဂုံစေတီတော်နှစ် ၂၆၀၀ ပြည့် တစ်နှစ်တာကာလအတွင်း ဝါဆိုလပြည့်နေ့တွင် ပရိတ်တော်ရွတ်ဆိုပြိုင်ပွဲကျင်းပခြင်း၊ ပန်းဆီမီး ရေချမ်း သစ်သီး ၂၆၀၀ ပူဇော်ပွဲကျင်းပခြင်း၊ ဓမ္မစက္ကပဝတ္တနသုတ် ရွတ်ဖတ်ပူဇော်ခြင်း၊ ဝါခေါင်လပြည့်နေ့တွင် ပန်းပေါင်း ၈၄၀၀၀ ဖြင့် ပူဇော်ခြင်း၊ ပန်း ဆီမီး ရေချမ်း သစ်သီး ၂၆၀၀ ဖြင့် ဆွမ်းတော်ကြီးတင်လှူပွဲကျင်းပခြင်း၊ ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကျင်း



ပခြင်း၊ တော်သလင်းလပြည့်နေ့တွင် ဂရုဓမ္မအခါတော်နေ့ ကျင်းပခြင်းများကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

နှစ်ပေါင်း ၂၆၀၀ ပြည့်မြောက်သော တစ်နှစ်တာပတ်လုံး ရွှေတိဂုံစေတီတော်မြတ်ကြီးအား လစဉ်ပူဇော်ပွဲအမျိုးမျိုးတို့ကို ထူးထူးခြားခြား အထိမ်းအမှတ်ပွဲများအနေဖြင့် ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ သီတင်းကျွတ်လတွင် အဘိဓမ္မာအခါတော်နေ့အခမ်းအနားနှင့် မီးထွန်းပွဲတော်ကျင်းပခြင်း၊ ရုပ်သေပြကွက်များ ဖြင့် ဇာတ်နိပါတ်များ သရုပ်ဆောင်ပြသခြင်း၊ တန်ဆောင်မုန်းလတွင် မီးထွန်းပွဲတော်ကျင်းပခြင်း၊ မသိုးသင်္ကန်းယက်လုပ်ပြိုင်ပွဲကြီးကျင်းပ၍ မသိုးသင်္ကန်းများကပ်လှူပူဇော်ခြင်း၊ ရုပ်သေပြကွက်များဖြင့် ဇာတ်နိပါတ်များ သရုပ်ဆောင်ပြသခြင်း၊ နတ်တော်လနှင့် ပြာသိုလတွင် စာပြန်ပွဲများ ကျင်းပကာ စာအောင်သံဃာတော်များအား ဆုနှင်းသဘင်ဆင်ယင်ကျင်းပခြင်း၊ တပို့တွဲလပြည့်နေ့တွင် ဩဝါဒပါတိမောက်အခါတော်နေ့ အခမ်းအနားနှင့် စုပေါင်းထမနဲထိုးပွဲများ ကျင်းပ၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ထမနဲဆွမ်းများကပ်လှူခြင်း၊ သံဃာတော်များအား ထမနဲဆွမ်းများနှင့် ဆွမ်းတော်ကြီးလောင်းလှူခြင်းများ ကျင်းပမည်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တပို့တွဲလပြည့်ကျော်မှ တပေါင်းလပြည့်နေ့အတွင်း၌ ရွှေတိဂုံစေတီတော်တွင် ရှေးယခင် ၁၉၃၁ ခုနှစ်က တင်လှူပူဇော်ခဲ့ပြီး ယခုပြတိုက်၌ ပြသထားသော စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ရွှေတိဂုံစေတီတော်၏ သမိုင်းဝင်ဆံတော်ကြုံစေတီများတည်ရှိရာသို့ လှည့်လည်အပူဇော်ခံခြင်း၊ ထိုစေတီတော်များအတွက် အလှူငွေများ လှူဒါန်းခြင်း၊ ထိုစေတီတော်များအား အနေကဇာတင်ပွဲများ ကျင်းပခြင်း၊ ထိုစေတီတော်များအနီး၌ ရွှေတိဂုံစေတီတော်ဆိုင်ရာ သိမှတ်ဖွယ်ရာ ဓာတ်ပုံ၊ ရုပ်ရှင်စသည်များ ပြပွဲခင်းကျင်းပြသခြင်း၊ စေတနာသဒ္ဓါတရားအရ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှူဒါန်းမှုကို လက်ခံခြင်း၊ ပွဲလမ်းသဘင်ခင်းကျင်းခြင်း၊ ရွှေတိဂုံစေတီတော်တွင် ဘာသာရေးအသင်းအဖွဲ့ ဝတ်အသင်းများ၊ ဌာနဆိုင်ရာ၊ ကျောင်း၊ တပ်မိသားစုစသည့် ဝတ်အသင်းအဖွဲ့များမှ ရွှေတိဂုံရင်ပြင်တော်ပေါ်တွင် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ကပ်လှူပြီး ဓမ္မဒေသနာတော်များဖြင့် ရွတ်ဖတ်ပူဇော်ခြင်း၊ သံဃာတော် အရှင်သူမြတ်များမှ ၁၅ ရက်တိုင်တိုင် အသံမစဲမဟာပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ တရားပွဲများ ၁၅ ညတိုင်တိုင် ကျင်းပခြင်း၊ သံဃာတော် ၂၆၀၀ ပါးတို့ဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊




ထိုသံဃာတော် ၂၆၀၀ ပါးတို့အား စောင်းတန်းလေးသွယ်တွင် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ စေတီတော်အောက်ပစ္စယံတွင် ဇာတ်၊ ရုပ်သေး၊ ကွက်စိပ်၊ အိုးစည်၊ ဒိုးပတ်၊ ခြင်းလုံးစသော ပျော်ပွဲရွှင်ပွဲများ ထည့်သွင်းပြသခြင်း၊ အလယ်ပစ္စယံတွင် နိဗ္ဗာန်ဈေး၊ ရုပ်သေပြကွက်၊ ဓာတ်ပုံပြပွဲ၊ လက်ဆောင်အထိမ်းအမှတ်ပစ္စည်းများ ရောင်းချခြင်းများဖြင့် ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်အထိမ်းအမှတ်ပွဲတော်ကြီးကို စည်ကားစွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ရွှေတိဂုံစေတီတော်
# ငှက်ပြတ်နားတော်



| | |
|---|---|
| အရှည်ဆုံးနေရာ | ၄'၂" |
| အကျယ်ဆုံးနေရာ | ၂'၆" |
| အလေးချိန် | ၉၂၄ ပေါင် |

www.burmeseclassic.com

# ရွှေတိဂုံစေတီ ရွှေထီးတော်

| | |
|---|---|
| ဘုံ | ၇ ဆင့် |
| အမြင့် | ၄၃ ပေ |
| လက်ဝတ်ရတနာမျိုးစုံ | ၈၃၈၅၀ ခု |
| ရွှေဆည်းလည်း | ၄၀၁၆ လုံး |
| ငွေဆည်းလည်း | ၄၇၄ လုံး |
| ရွှေ၊ ငွေ၊ ကြေးစပ် | |
| ဆည်းလည်း | ၇၉၃ လုံး |
| ရွှေညောင်ရွက် | ၁၈၀၅ ရွက် |
| ရတနာရွှေကြုတ် | ၉ ခု |



www.burmeseclassic.com



## မဟာပဋ္ဌာန်းရောင်ခြည်တော်ဖွင့်
## ဘုရားပင့်ဂါထာတော်

၁။ နီလာ နီလာ နိဗ္ဘရန္တိ၊
ပီတာ ပီတာ စ ရံသိယော။
လောဟိတာ လောဟိတာ စာဘာ၊
ဩဒါတော ဒါတရံသိယော။

၂။ တမ္ဗာ တမ္ဗာ စ မဉ္ဇိဋ္ဌာ၊
ပဘဿန္တိ ပဘဿရာ။
ဧဝံ ဆဗ္ဗဏ္ဏရံသိ သော၊
ဌာတု မေ ဘဂဝါ သိရေ။

၁။ ပဋ္ဌာန်း နက်နဲထူးဆန်း ပဋ္ဌာန်းကျမ်းကို၊ သမ္မသန္တဿ အနုလုံ ပဋိလုံ အစုန်အဆန် အဖန်ဖန်ဆင်ခြင်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်၏။ နီလာ၊ ဆံတော် မုတ်ဆိတ်တော် မျက်ဝန်းတော်တို့ စိမ်းညိုသောအရပ်ဌာနမှ။ နီလာ၊ ကြာညို၊ ခွာညို၊ ရတနာအညိုကဲ့သို့ စိမ်းတစိုစို မြသားလိုဖြင့် ညိုမှောင်သော ရောင်ခြည်တော်တို့သည်။ နိဗ္ဘရန္တိ၊ နေအထောင် လအထောင် ဗြဟ္မာနတ် အရောင် ရတနာ နဝရတ်အရောင်တို့ကို ထိုးခေါင်ကာ လွှမ်းမိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် အံ့သြဖွယ်လျှင် အဆန်းတကြယ် ကွန့်မြူးတော်မူကြလေကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



ပီတာ ၈၊ သိင်္ဂီရွှေလျော် အရေတော်မှလည်း၊ ပီတာ၊ မဟာလေ့ကား ရွှေစံကားနှင့် ရွှေသားရွှေရည်ထိန်ကြည်သစ်လင်း ပပဝင်းကုန်သော၊ ရုံသိယော၊ ဝါရောင်ဝင်းလျှပ် ရွှေသောရောင်ခြည်ဓာတ်တို့သည်။ နိစ္စရန္တိ၊ နေအထောင် လအထောင် ပြဟ္မာနတ်အရောင် ရတနာ၊ နဝရတ်အရောင်တို့ကို ထိပ်ခေါင်က လွှမ်းမိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် အံ့ဩဖွယ်လျှင် အဆန်းတကြွယ် ကွန့်မြူးတော်မူကြလေကုန်၏။

လောဟိတာ၊ အာတော် လျှာတော် နှုတ်ခမ်းတော်နှင့် ခြေတော်ဖဝါး လက်ဖဝါးစသော ကိုယ်တော်အစိတ်အစိတ်တို့မှ၊ လောဟိတာ၊ ခေါင်ရမ်း နှင်းဆီ ကမ္ဗလာနီနှင့် ကြာနီအလား ပဒ္မာမြားအဆင်းရှိကုန်သော၊ အာဘာ၊ နီရောင်ဝင်းလျှပ် နီသော ရောင်ခြည်ဓာတ်တို့သည်။ နိစ္စရန္တိ၊ နေအထောင် လအထောင် ပြဟ္မာ နတ်အရောင် ရတနာ နဝရတ် အရောင်တို့ကို ထိပ်ခေါင်က လွှမ်းမိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် အံ့ဩဖွယ်လျှင် အဆန်းတကြွယ် ကွန့်မြူးတော်မူကြလေကုန်၏။

ဩဒါတာ၊ စွယ်တော် သွားတော် မျက်ဖြူတော်အစုံ ဥဏ္ဏာလုံ မွေရှင်တော်ဓာတ်မှ။ ဩဒါတရုံသိယော၊ စံပယ် ကြက်ရုံး, ငွန် ပန်းကုံးနှင့် ငွေတုံးဘော်ဆိုင် စိန်ပန်းခိုင်အတူ ဝတ်လဲတော်ဘွဲ့ဖြူနှင့် ကြာဖြူပန်းအသွေးကဲ့သို့ ဖြူဖွေးစင်ကြယ်သော ရောင်ခြည်တော်ဓာတ်တို့



သည်။ နိစ္စရန္တိ၊ နေအထောင် လအထောင် ပြဟ္မာနတ်အရောင် ရတနာ နဝရတ် အရောင်တို့ကို ထိပ်ခေါင်က လွှမ်းမိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် အံ့ဩဖွယ်လျှင် အဆန်းတကြွယ် ကွန့်မြူးတော်မူကြလေကုန်၏။

၂။ တမှာ တမှာ၊ အထက်ဆံဖျားတော် တလျှောက်မှ အောက်ခြေဖဝါးတော်တခို ထိုထို ထိုထို ကိုယ်တော် အစိတ်စိတ်မှ။ မဥ္ဇိဋ္ဌာ ၈၊ ခရမ်းသွေးအရောင် မရမ်းသွေးအရောင် တဝေဝေ တပြောင်ပြောင် သပြေရောင်အဆင်းကဲ့သို့ ထိန်ဝင်းညိုမောင်းသော ရောင်ခြည်တော်တို့သည်လည်းကောင်း။

ပဘဿရာ ၈၊ နတ်မီးအရောင် လျှပ်စီးအရောင် ရတနာမျိုးစုံအရောင် ကြာမျိုးစုံအရောင် ထိန်ပြောင်ဝင်းလက် ကြက်လျှာပြန် စိန်ရောင်ထွက်သကဲ့သို့ ရှိုးရှိုးရက်ရက် ပြိုးပြိုးပြက်သော ရောင်ခြည်တော်တို့သည်လည်းကောင်း။ ပဘာသန္တိ၊ နေအထောင် လအထောင် ပြဟ္မာနတ်အရောင် ရတနာ နဝရတ်အရောင်တို့ကို ထိပ်ခေါင်က လွှမ်းမိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် အံ့ဩဖွယ်လျှင် အဆန်းတကြွယ် ကွန့်မြူးတော်မူကြလေကုန်၏။

ဧဝံ၊ ဤရောင်ခြည်ခြောက်သွယ် ဂုဏ်တော်အလုံးကို ချီးကျူးဖွင့်ဆိုခဲ့သည့်အတိုင်း။ ဆဗ္ဗဏ္ဏရံသိ၊ အညိုတဖြာ အဝါတလီ အနီတဆူ အဖြူတကြောင်း အမောင်းတချက် ပြိုးပြက်ငွါငွါး ခြောက်ပါးရောင်ဆိုင် အပြိုင်ပြိုင်

www.burmeseclassic.com



ကို စိုးပိုင်ရရှိတော်မူပေထသော။ ဘဂဝါ၊ ဘုန်းတော် သရဖူဆောင်တော်မူ၍ အောင်သူညွှတ်ရုံး၊ အထွတ်ဆုံး လည်း ဖြစ်တော်မူပေထသော။ သော၊ ထိုသုံးလောက ညွှန့်ဖူး နိဗ္ဗာန်မျိုး ဖြစ်တော်မူပေသော။ ရှင်တော်မြတ် ဘုရားသည်။ မေ၊ ပဋ္ဌာန်းပစ္စည်း ဆက်သွယ်နည်းဖြင့် ဖွဲ့ စည်းကလာပ် ရုပ်နာမ်ဓာတ်ကို ခွဲမှတ်သမုတ် အကျွန်ုပ် ၏။ သိရေ၊ ဆံပင်ဂနိုင် ပန်းမြိုင်တောညို့ စိမ်းစို နွဲ့နှောင်း ဦးခေါင်းတွင်ခေါ် တောင်ထွတ်ပေါ်၌။ ဌာတု၊ ပဋ္ဌာန်း ဉာဏ်သွား ရျာန်ကစားလျက် တန့်နားကိန်းဝပ်တော်မူ လှည့်ပါ့၊ သုံးလောက ကေသျှောင် ရွှေဘုန်းခေါင်ကိုယ် တော်မြတ်ကြီးဘုရား။

(လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး)



## နတ်ပင့်ဂါထာတော်

သမန္တာ စက္ကဝါဠေသု၊
အတြာ ဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ
သုဏန္တု သဂ္ဂမောက္ခဒံ။

သမန္တာ၊ ဤစကြဝဠာခွင်၊ ပတ်ဝန်းကျင်မှ။ စက္က ဝါဠေသု၊ စကြဝဠာပေါင်း၊ တိုက်တစ်သောင်းတို့၌။ ဒေဝ တာ၊ သမ္မာဒေဝ၊ နတ်ဗြဟ္မာအပေါင်းတို့သည်။ အတြ၊ မဟာပဋ္ဌာန်း ပရိတ်တရားတော်ကို၊ ရွတ်ဖတ်ပူဇော်ရာ၊ ဤဌာနသို့။ အာဂစ္ဆန္တု၊ တရားတော်နာ ကြွရောက်တော် မူကြပါကုန်လော့။ မုနိရာဇဿ၊ မုနိတို့ဘုရင် ရှင်တော် မြတ်ဘုရား၏။ သဂ္ဂမောက္ခဒံ၊ လူ့ရပ်နတ်ဌာန် နိဗ္ဗာန် အကျိုးကို ပေးစွမ်းနိုင်သော၊ သဒ္ဓမ္မံ၊ သူတော်ကောင်း ဓာတ် တရားမြတ်ဖြစ်သော မဟာပဋ္ဌာန်းပရိတ်တရား တော်ကို။ သုဏန္တု၊ ရိုသေသဒ္ဓါ ကြည်လင်စွာဖြင့် နာယူ တော်မူကြပါကုန်လော့။

မမ္မဿဝနကာလော အယံ ဘဒန္တာ။ (၃-ခေါက်)

ဘဒန္တာ၊ အို နတ်မြတ် နတ်ကောင်း နတ်အပေါင်း တို့။ အယံ၊ ကြည်သာရွှင်ပျ ဤအခါကာလသည်ကား။ ဓမ္မဿဝနကာလော၊ မဟာပဋ္ဌာန်းတရားတော်ကို နာ ကြားရန် အချိန်ကောင်း အခါကောင်း ဖြစ်ပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## မြတ်စွာဘုရားအား ရှိခိုးကန်တော့ရန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အရဟတော၊ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်ပေထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ ဉေယျဓံတရား ငါးပါးတို့ကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင်သာလျှင် ကောင်းမွန်မှန်ကန်စွာ သိတော်မူပေထသော။ တဿ၊ ဘဂဝတော၊ ဣဿရိယ, ဓမ္မ, ယသ, သိရိ, ကာမ, ပယတ္တ မည်ပြား ဘုန်းတော်ခြောက်ပါးသခင် ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးအား။ နမော၊ ဒူး, လက်, နဖူး ထိငါးဦးဖြင့် ကြည်ညိုသဒ္ဓါ ရှိသေစွာဖြင့် ရှိခိုးကန်တော့ပါ၏ ဘုရား။

## မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ရန် တိုက်တွန်းလွှာ



ဘဂဝန်ဘုန်းလှိုင်၊ နှုန်းပြိုင်တုကင်း၊ အဖက်ကွာ၍၊ စကြာမင်းအစစ်၊ ဖြစ်ကြီးဖြစ်တော်မူသော၊ တိဘဝပါရဂူ၊ သယမ္ဘူ ရှင်တော်မြတ်ဘုရားသည်၊ ငါးပါးမာရ်နှင့် ပလ္လင်ဘွေ့ထွတ်၊ မြေတမွတ်ဝယ်၊ ရွှေဝတ်လွှာမှူ၊ ကြာပဒုံသို့၊ အစုံလေးလီ၊ ခိုင်နှင်းဆီကို၊ လှမ်းမီဆွတ်ချွေ၍၊ ကရွတ်ခွေဝင့်စက်မှ၊ လွတ်ထွက်တော်မူပြီးနောက်၊ သတ္တာသတ္တ၊ နဝတာလီ၊ ကိန်းယာယီဖြင့်၊ ခိုမှီပြောင်းစံတော်မူဆဲအခါ၊ ရတနာဃရ၊ သတ္တာဟာဝယ်၊ ဓမ္မနက်ကျယ်၊ သမုဒ်နယ်သို့၊ ဆန်းကြယ်နက်ဝှမ်း၊ ပဋ္ဌာန်းကျမ်းကို၊ ယောက်လှမ်းမြူးကွန့်၊ ရွှေဉာဏ်တော်လွှန့်လေသော်၊ ရောင်ညွန့်ရောင်စွယ်၊ ရွှေဘုန်းတော်ခြယ်သောကြောင့်၊ သပ္ပါယ်လို့ ရှုမဆုံး၊ မိုးလုံးတပြင်၊ ဝေဟင်အပြန့်၊ မရပ်တန့်ဘဲ၊ မဆန့်နိုင်တဝေဝေ၊ ညို, ရွှေ, နီ, ဖြူ အဆူဆူ ထွေးယှက်လျက်၊ နီမောင်း ရောင်ထွက်၊ လျှပ်စီးတွေလက်သလို၊ ပြိုးပြိုးပြက် တငွါးငွါး၊ ရောင်ခြောက်စုံကစားလျက်၊ လောကဓာတ်တိုက်အများကို၊ ဖြန့်လွှားအုပ်ခြုံတော်မူကြလေကုန်သတည်း။

ရောင်ခြည်တော်ဖူးညွန့်၊ ထွေးယှက်လိမ် လူးလွန့်လျက်၊ မြူးကွန့်တော်မူစေရန်၊ အကြောင်းရင်း သမုဋ္ဌာန်ကောန်ဇော၊ ပဋ္ဌာနဟု၊ နယထူးဆန်း၊ မြတ်ပဋ္ဌာန်းကို ရွှင်လန်းသော ဉာဏ်ကသိုဏ်း၊ သမာဓိ ဖန်တံဆိုင်းဖြင့်၊ ဋ္ဌာန်ကရိုဏ်း ပီသစွာ၊ စေတနာ ထွတ်အမြတ်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပါကုန်လော့။

(လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး)

www.burmeseclassic.com

www.burmeseclassic.com



# ပဋ္ဌာန်းပါဠိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပစ္စယုဒ္ဒေသပါဠိ

၁။ ဟေတုပစ္စယော
၂။ အာရမ္မဏပစ္စယော
၃။ အဓိပတိပစ္စယော
၄။ အနန္တရပစ္စယော
၅။ သမနန္တရပစ္စယော
၆။ သဟဇာတပစ္စယော
၇။ အညမညပစ္စယော
၈။ နိဿယပစ္စယော
၉။ ဥပနိဿယပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၂။ အာသေဝနပစ္စယော
၁၃။ ကမ္မပစ္စယော
၁၄။ ဝိပါကပစ္စယော
၁၅။ အာဟာရပစ္စယော
၁၆။ ဣန္ဒြိယပစ္စယော
၁၇။ ဈာနပစ္စယော



၁၈။ မဂ္ဂပစ္စယော
၁၉။ သမ္ပယုတ္တပစ္စယော
၂၀။ ဝိပ္ပယုတ္တပစ္စယော
၂၁။ အတ္ထိပစ္စယော
၂၂။ နတ္ထိပစ္စယော
၂၃။ ဝိဂတပစ္စယော
၂၄။ အဝိဂတပစ္စယော-တိ။

ပစ္စယုဒ္ဒေသော နိဋ္ဌိတော။

## ပစ္စယနိဒ္ဒေသပါဠိ

### ၁- ဟေတုပစ္စယ

ဟေတုပစ္စယောတိ - ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

### ၂- အာရမ္မဏပစ္စယ

အာရမ္မဏပစ္စယောတိ - ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ယံ ယံ ဓမ္မံ အာရဗ္ဘ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

## ၃- အဓိပတိပစ္စယ

အဓိပတိပစ္စယောတိ - ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။



ဝီမံသာဓိပတိ ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ယံ ယံ ဓမ္မံ ဂရုံ ကတွာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အဓိပတိပစ္စယေန ပစ္စယော။

## ၄- အနန္တရပစ္စယ

အနန္တရပစ္စယောတိ - စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

သောတဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ဃာနဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

www.burmeseclassic.com





မနောဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ဇိဝှါဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ကာယဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

## ၅- သမနန္တရပစ္စယ

သမနန္တရပစ္စယောတိ - စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ သမနန္တရ ပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

သောတဝိညာဏ ဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနော ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ သမနန္တရ

www.burmeseclassic.com

www.burmeseclassic.com



ပစ္စယေန ပစ္စယော။

ဃာနဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။

ဇိဝှါဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။

ကာယဝိညာဏ ဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ



အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ယေသံ ယေသံ ဓမ္မာနံ သမနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

## ၆- သဟဇာတပစ္စယ

သဟဇာတပစ္စယောတိ - စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ သဟဇာတ ပစ္စယေန ပစ္စယော။

www.burmeseclassic.com

www.burmeseclassic.com



သြတ္တန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော။

ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော၊ ကဉ္စိကာလေ န သဟဇာတ ပစ္စယေန ပစ္စယော။

## ၇- အညမညပစ္စယ

အညမညပစ္စယောတိ - စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညပစ္စယေန ပစ္စယော။

သြက္ကန္တိက္ခဏေ နာမရူပံ အညမညပစ္စယေန ပစ္စယော။

## ၈- နိဿယပစ္စယ

နိဿယပစ္စယောတိ- စတ္တာရော ခန္ဓာ အရူပိနော အညမညံ နိဿယပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ နိဿယပစ္စယေန ပစ္စယော။



သြက္ကန္တိက္ခဏေ နာမရူပံ အညမညံ နိဿယပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏ ဓာတုယာ တံသမ္ပယုတ္တ ကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ တံရူပံ မနောဓာတုယာ စ မနောဝိညာဏ ဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

www.burmeseclassic.com

www.burmeseclassic.com



## ၉- ဥပနိဿယပစ္စယ

ဥပနိဿယပစ္စယောတိ- ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယ ပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။



ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော။

သေနာသနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။

## ၁၀- ပုရေဇာတပစ္စယ

ပုရေဇာတပစ္စယောတိ - စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

www.burmeseclassic.com

www.burmeseclassic.com



ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိကာလေ ပုရေဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ န ပုရေဇာတပစ္စယေန ပစ္စယော။

## ၁၁- ပစ္ဆာဇာတပစ္စယ

ပစ္ဆာဇာတပစ္စယောတိ - ပစ္ဆာဇာတာ စိတ္တစေတသိကာဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။

## ၁၂- အာသေဝနပစ္စယ

အာသေဝနပစ္စယောတိ - ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။



ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကြိယာဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာဗျာကတာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

## ၁၃- ကမ္မပစ္စယ

ကမ္မပစ္စယောတိ - ကုသလာ ကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

## ၁၄- ဝိပါကပစ္စယ

ဝိပါကပစ္စယောတိ - ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါကပစ္စယေန ပစ္စယော။

## ၁၅- အာဟာရပစ္စယ

အာဟာရပစ္စယောတိ - ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော။

အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။

## ၁၆- ဣန္ဒြိယပစ္စယ

ဣန္ဒြိယပစ္စယောတိ - စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန

www.burmeseclassic.com

www.burmeseclassic.com



ပစ္စယော။

သောတိန္ဒြိယံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ဃာနိန္ဒြိယံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ဇိဝှိန္ဒြိယံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ကာယိန္ဒြိယံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

### ၁၇- ဈာနပစ္စယ

ဈာနပစ္စယောတိ - ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

### ၁၈- မဂ္ဂပစ္စယ

မဂ္ဂပစ္စယောတိ - မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။



### ၁၉- သမ္ပယုတ္တပစ္စယ

သမ္ပယုတ္တပစ္စယောတိ - စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

### ၂၀- ဝိပ္ပယုတ္တပစ္စယ

ဝိပ္ပယုတ္တပစ္စယောတိ - ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

### ၂၁- အတ္ထိပစ္စယ

အတ္ထိပစ္စယောတိ - စတ္တာရော ခန္ဓာ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ အတ္ထိပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အတ္ထိပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

www.burmeseclassic.com

www.burmeseclassic.com



သောတာယတနံ သောတဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတုစ မနောဝိညာဏ



ဓာတု စ ဝတ္တန္တိ တံရူပံမနောဓာတုယာစ မနောဝိညာဏ ဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

## ၂၂- နတ္ထိပစ္စယ

နတ္ထိပစ္စယောတိ - သမနန္တရ နိရုဒ္ဓါ စိတ္တစေတသိကာဓမ္မာ ပဋုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ နတ္ထိပစ္စယေန ပစ္စယော။

## ၂၃- ဝိဂတပစ္စယ

ဝိဂတပစ္စယောတိ - သမနန္တရဝိဂတာ စိတ္တစေတသိကာဓမ္မာ ပဋုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ ဝိဂတပစ္စယေန ပစ္စယော။

## ၂၄- အဝိဂတပစ္စယ

အဝိဂတပစ္စယောတိ - စတ္တာရော ခန္ဓာ အရူပိနော အညမညံ အဝိဂတပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ အဝိဂတပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အဝိဂတပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဝိဂတပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ အဝိဂတပစ္စယေန ပစ္စယော။

www.burmeseclassic.com

www.burmeseclassic.com



စက္ခာယတနံ စက္ခုဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာ



နဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏ ဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတ ပစ္စယေန ပစ္စယော။

ပစ္စယနိဒ္ဒေသော နိဋ္ဌိတော။

www.burmeseclassic.com

www.burmeseclassic.com



## ကျေးဇူးတော်ရှင်
## မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး၏

# ပစ္စယုဒ္ဒေသနိဿယ
## (လင်္ကာအနက်)

(၁) ဟေတုပစ္စယော - ရေသောက်မြစ်လျှင်၊ ယင်းသစ်ပင်ကို၊ စိမ်းရှင်ညွန့်ဝေ၊ စည်ပင်စေထ၊ ယောက်ပံ့ မ-သို့၊ သဟဇာတ်၊ ရုပ်နှင့် နာမ်ကို၊ သန္ဓေပဝတ်၊ မလွတ်စေရ၊ သဘာဂတာ၊ ဆယ့်နှစ်ဖြာတွင်၊ ကောင်းစွာခိုင်ကြည်၊ တည်သည်၏ အဖြစ်ကို ပြီးစေတတ်သော ဟေတု - သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဟိတ်ခြောက်ပါးပစ္စည်းတရားလည်းကောင်း။

(၂) အာရမ္မဏပစ္စယော - တောင်ဝေ့ကြိုးတန်း၊ သူမစွမ်းကို၊ မပန်းရလေ၊ ထိုင် ထ စေသို့၊ စိတ်စေလေးတန်၊ နာမကွန်ကို၊ ဖြစ်ဟန်တူစွာ၊ ရှစ်သဘာတွင် ဆွဲငင်ထောက်ရာ အာရုံ၏ အဖြစ်တည်းဟူသော၊ အာရမ္မဏ - သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော အာရုံခြောက်ပါး ပစ္စည်းတရားလည်းကောင်း။

(၃) အဓိပတိပစ္စယော - စကြာဘုန်းငှာ၊ များဝိုလ်လူကို၊ ပြိုင်သူမရှိ၊ စိုးအုပ်ဘိသို့၊ ဟသိ မောဟ၊ ကြည်ပသည့်ဇော၊ လောဘမူလ၊ အဋ္ဌပုညာ၊ ကြိယာသမ္ပယုတ်၊ လောကုတ်ရှစ်အား၊ ဆယ့်ခြောက်ပါးတွင်၊ ကြီးမားလွှမ်းမိုး၊



အစိုးရခြင်းဟူသော အဓိပတိ - သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ - ဟူသော သဟဇာတာဓိပတိလေးပါး၊ ဒုက္ခသဟ၊ မောဟကြည်စိတ်၊ ဣဋ္ဌနိပ္ဖန်၊ နိဗ္ဗာန်ဟူသော အာရမ္မဏာဓိပတိ - ခြောက်ပါးပစ္စည်းတရားလည်းကောင်း။

(၄) အနန္တရပစ္စယော - ပျော်စံနတ်ရွာ၊ စကြာမင်းဖျား၊ သားကြီးအားသို့၊ အခြားမဲ့နေ၊ စိတ်နှင့်စေကို၊ မကွေတူစွာ၊ ခုနစ်ဖြာတွင်၊ သမာနဇာတ်၊ ခြားမပြတ်ဘဲ၊ ဖြစ်စေတတ်သော၊ အနန္တရ - သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော၊ ရှေးရှေးသော နာမ်ခန္ဓာ လေးပါး အနန္တရ - ပစ္စည်းတရားလည်းကောင်း။

(၅) သမနန္တရပစ္စယော - စည်းစိမ်မမက်၊ တောကြီးထွက်သည့်၊ စက္ကဝတ်မင်းဖျား၊ သားကြီးအားသို့၊ အခြားမဲ့နေ၊ စိတ်နှင့်စေကို၊ မကွေပြိုင်ဘက်၊ ခုနစ်ချက်တွင်၊ အောက်ထက်ယာဝဲ၊ ဝေခွဲမရှိ၊ မိမိတမူ၊ တူသည့်အဖြစ်၊ ဆောင်လစ်ပမာ၊ ကောင်းမွန်စွာလျှင်၊ သမာနဇာတ်၊ ခြားမပြတ်ဘဲ၊ ဖြစ်စေတတ်သော၊ သမနန္တရ - သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော၊ ရှေးရှေးသော နာမ်ခန္ဓာလေးပါး သမနန္တရ - ပစ္စည်းတရားလည်းကောင်း။

(၆) သဟဇာတပစ္စယော - အလင်းဖြစ်မှု ဆီမီးပြုသည်၊ တန္တုပမာ၊ သဟဇာတ၊ နာမနှင့် ရုပ်၊ ဘူတပ္ပါဒ်၊ သန္ဓေ

www.burmeseclassic.com



ခါလည်း၊ ဝိပါဝတ္ထု၊ ယင်းခြောက်ခုအား၊ တူခြားအမှု၊ သဘာဂတွင်၊ တကွမကွေ၊ ဖြစ်စေခြင်းဟူသော သဟဇာတ - သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်မဟာဘု၊ ဝတ္ထုပါက၊ သဟဇာတခြောက်ပါး ပစ္စည်းတရားလည်းကောင်း။

(၇) အညမညပစ္စယော - သစ်သားသုံးခွ၊ ချင်းချင်းမသို့၊ ဥပကာရ၊ ထောက်ပံ့လာသော၊ နာမ်မဟာဘု၊ ဝတ္ထုနာမ်အား၊ တူရှစ်ပါးတွင်၊ ထောက်ထားလှန်ပင်း၊ အချင်းချင်းဟူသော အညမည သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်မဟာဘု၊ ဝတ္ထုပါက၊ အညမည - သုံးပါးပစ္စည်းတရားလည်းကောင်း။

(၈) နိဿယပစ္စယော - သစ်ပင်အားမြေ၊ ထောက်ပံ့ပေသို့၊ နှစ်ထွေရုပ်နာမ်၊ သဟဇံအားလည်းကောင်း၊ စိတ္တကမ္မ၊ ပဋ်ပုံဟန်၊ သတ်ဝိညာဏ်အားလည်းကောင်း၊ တူမှန်သဘာ၊ ဆယ့်သုံးဖြာတွင်၊ တည်ရာမှီရာဟူသော အဓိဋ္ဌာနာကာရ, နိဿယာကာရ - သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်မဟာဘု၊ ဝတ္ထုပါက - ဟူသော သဟဇာတနိဿယ - ခြောက်ပါး၊ ပဝတ္တိစု၊ ဆဝတ္ထု - ဟူသော ပုရေဇာတနိဿယ - ခြောက်ပါးပစ္စည်းတရားလည်းကောင်း။



(၉) ဥပနိဿယပစ္စယော - မိုးနှင့်မကင်း၊ စုံခပင်းကို၊ မိုးတွင်းခြိမ့်အုန်း၊ ထစ်ချုန်းမြည်ကြိုး၊ ရွာသည့်မိုးသို့၊ သုံးမျိုးပြားလတ်၊ စိတ္တုပါဒ်အား၊ ဆယ့်လေးပါးတွင်၊ အားကြီးသော မှီရာအကြောင်း၏ အဖြစ်တည်းဟူသော ဥပနိဿယ - သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဒုက္ခသဟ၊ မောဟကြဉ်စိတ်၊ ဣဋ္ဌနိပ္ဖန်၊ နိဗ္ဗာန်ဟူသော အာရမ္မဏူပ နိဿယ၊ ရှေးရှေးသော နာမက္ခန်ဟူသော အနန္တရူပနိဿယ၊ ဗလဝရုပ် စိတ္တုပ် ပညတ်ဟူသော ပကတူပ နိဿယ - သုံးပါးပစ္စည်းတရားလည်းကောင်း။

(၁၀) ပုရေဇာတပစ္စယော - အလင်းမှီနေ၊ များဗိုလ်ခြေကို၊ ကပွေစစ္စာ၊ ပေါ်လာထွန်းပ၊ နေနှင့်လသို့၊ နောက်မှဖြစ်လေ၊ စိတ်နှင့်စေအား တူကိုးပါးတွင်၊ ရှေးဖျားဖြစ်၍၊ ပစ္စုပ္ပန္နေ၊ ပုရေဇာတသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဆဝတ္ထု-ဟူသော ဝတ္ထုပုရေဇာတ၊ နိပ္ဖန္နရုပ်ဟူသော အာရမ္မဏ ပုရေဇာတ-နှစ်ပါးပစ္စည်းတရားလည်းကောင်း။

(၁၁) ပစ္ဆာဇာတပစ္စယော - ဂိဇ္ဈပေါတက၊ သရီရအား၊ အာဟာရဝယ်၊ တာတွယ်အာသာ၊ စေတနာသို့၊ ပုရေဇာတ၊ ရုပ်မမှုအား၊ မျိုးလေးပါးတွင်၊ နောက်ပါး၌ဖြစ်သဖြင့်၊ ထောက်ပံ့နိုင်မာ၊ ပစ္ဆာဇာတ - သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နောက်နောင်ပဋ္ဌဝါကာ နာမ်

www.burmeseclassic.com



ခန္ဓာ လေးပါးပစ္စည်းတရားလည်းကောင်း။

(၁၂) အာသေဝနပစ္စယော - နောက်နောင်မွန်လေး၊ သာလွန်မွေးအောင်၊ ရှေးရှေးထုံထား၊ နံ့သာလားသို့၊ မခြားမပြတ်၊ မျိုးဇာတ်တူစွာ၊ ကုသလာ ကုသလ၊ ကြိယာသဘော၊ နောက်နောင်ဇောအား၊ တူခြောက်ပါးတွင်၊ ခွန်အားဟုန်ပြင်း၊ ယူစေလျှင်း၍၊ ထုံခြင်းဟူသော အာသေဝန - သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ၊ အာသေဝနသုံးပါး ပစ္စည်းတရားလည်းကောင်း။

(၁၃) ကမ္မပစ္စယော - သစ်ပင်တို့အား မျိုးစေ့လားသို့၊ ကြွင်းကြားတူလတ်၊ သဟဇာတ်နှင့်၊ ကဋတ္တာဝိပါက်၊ ဤနှစ်ချက်အား၊ တစ်ဆယ့်ငါးတွင်၊ အားပါးထုတ်ထ၊ လုံ့လသည်းစွာ၊ အမူအရာဟူသော ကမ္မ-သတ္တိထူးဖြင့်ကျေးဇူးပြုခြင်း လက္ခဏာရှိသော သဟဇာတ်စေတနာ - ဟူသော သဟဇာတကမ္မ၊ အတိတ်ကုသိုလ် အကုသိုလ်စေတနာ ဟူသော နာနာက္ခဏိကကမ္မ-နှစ်ပါးပစ္စည်းတရားလည်းကောင်း။

(၁၄) ဝိပါကပစ္စယော - ချမ်းရိပ်နားနေ၊ သွန်းလေပြေသို့၊ မကွေပြတ်လတ်၊ သဟဇာတ်အား၊ မျိုးရှစ်ပါးတွင်၊ အင်အားချည့်ပန်း၊ ငြိမ်းချမ်းစေလျက်၊ ငြိမ်သက်ခြင်းဟူသော ဝိပါက - သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဝိပါက်နာမက္ခန္ဓာဟူသော ဝိပါကပစ္စည်း တရားလည်းကောင်း။



(၁၅) အာဟာရပစ္စယော - မယိမ်းမယိုင်၊ ခိုင်စေသောအား၊ ထောက်သည့်ကျားသို့၊ နှစ်ပါးသဟာ၊ ရုပ်နှင့်နာမ် အားလည်းကောင်း၊ လေးတန်သန္တတိ၊ သမုဋ္ဌာနိက ရုပ် အားလည်းကောင်း၊ ယထာက္ကမ၊ ဒွါဒသမျိုးတူတွင်၊ ဆောင်ယူထောက်ပံ့ခြင်းဟူသော အာဟာရ - သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဖဿ, စေတနာ, ဝိညာဉ်ဟူသော နာမ်အာဟာရ - သုံးပါး၊ အဇ္ဈတ်ဗဟိဒ်၊ စတုသမုဋ္ဌာနိက ဩဇာ - ဟူသော ရုပ်အာဟာရ - ပစ္စည်း တရားလည်းကောင်း။

(၁၆) ဣန္ဒြိယပစ္စယော - တစ်ပြည်တွင်း၌၊ ချင်းချင်းမဟန့်၊ သီးမသန့်ဘဲ၊ ခွဲခန့်ပိုင်းစား၊ မင်းအများသို့၊ သုံးပါးပြားလတ်၊ သဟဇာတ်နှင့်၊ ဓာတ်ပဉ္စဝိညာဏ၊ ကမ္မဇရုပ်အား၊ တူဆယ့်ငါးတွင်၊ အခြားမသွေ၊ မိမိသို့ လိုက်စေခြင်းဟူသော ဣန္ဒြိယ - သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်ဣန္ဒြေတရားကိုယ် ရှစ်ပါးဟူသော သဟဇာတိန္ဒြိယ၊ မဇ္ဈိမာယုက၊ ပသာဒ-ရုပ် ငါးခုဟူသော ပုရေဇာတိန္ဒြိယ၊ ဇီဝိတ - ရုပ်ဟူသော ရူပဇီဝိတိန္ဒြိယ သုံးပါးပစ္စည်းတရားလည်းကောင်း။

www.burmeseclassic.com

www.burmeseclassic.com



(၁၇) **ဈာနပစ္စယော** - သစ်ပင်တောင်ငူ၊ တက်သသူသည်၊ အောက်လူတို့အား၊ ပြောသည့်လားသို့၊ နှစ်ပါးရုပ်နာမ်၊ သဟဇံအား၊ ဆယ့်တစ်ပါးတွင်၊ ထင်ရှားတပ်တပ်၊ ကပ်၍ရှုခြင်းဟူသော အာရမ္မဏူ ပနိဇ္ဈာန, လက္ခဏူ ပနိဇ္ဈာန - သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ပဥ္စဝိဉာဉ်ကြဉ် စိတ်မှာယှဉ်သည့် ဈာနင်ခုနှစ်ပါး ပစ္စည်းတရားလည်းကောင်း။

(၁၈) **မဂ္ဂပစ္စယော** - ထို ဤမှာသို့၊ ဆောင်ယူပို့သည်၊ ကူးတို့မသွေ၊ သ ဟေတုကတ်၊ သဟဇာတ်အား၊ ဆယ့်သုံးပါးတွင်၊ ဖြူစင်မည်းညစ်၊ ဤအဖြစ်မှ၊ ပြန်လစ်ဆူလှယ်၊ ထုတ်ဆယ်ဆောင်ယူ၊ ထွက်မြောက်ကြောင်းဟူသော မဂ္ဂ - သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော သ, ဟိတ်မှာယှဉ် မဂ္ဂင်ဆယ့်နှစ်ပါး၊ ပစ္စည်းတရားလည်းကောင်း။

(၁၉) **သမ္ပယုတ္တပစ္စယော** - စတုမဓူ၊ ရောသည့်တူသို့၊ လေးဆူနာမ်အား၊ ခုနစ်ပါးတွင်၊ လေးပါးအင်္ဂါ၊ မကွာချင်းချင်း၊ ယှဉ်ကြခြင်းဟူသော သမ္ပယုတ္တ - သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်ခန္ဓာလေးပါး သမ္ပယုတ္တ - ပစ္စည်းတရားလည်းကောင်း။



(၂၀) **ဝိပ္ပယုတ္တပစ္စယော** - ခြောက်ထွေရသာ၊ ပေါင်းရောပါသို့၊ သဟဇာရုပ်၊ ဝတ္ထုပ်သန္ဓေ၊ အစထွေသား၊ သုံးမျိုးအားကို၊ ထူးခြားသဘာ၊ ဆယ့်သုံးဖြာတွင်၊ နာနာဘာဝ၊ မယှဉ်ကြခြင်းဟူသော ဝိပ္ပယုတ္တ - သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ပဉ္စဝေါကာရ၊ ရူပသမုဋ္ဌာနိက စိတ်စေ၊ သန္ဓေ, ဟာဒယ စသော သဟဇာတ ဝိပ္ပယုတ်, ပုရေဇာတဝိပ္ပယုတ်, ပစ္ဆာဇာတဝိပ္ပယုတ် - သုံးပါးပစ္စည်းတရားလည်းကောင်း။ (အာဒိသဒ္ဒါ - နှစ်ခုဖြင့် အစဉ်အတိုင်း ဝတ္ထုပုရေဇာတနိဿယ, ပစ္ဆာဇာတနှစ်ပါးတို့၏ ပစ္စယုပ္ပန်နှင့် ပစ္စည်းကိုညွှန်းသည်။)

(၂၁) **အတ္ထိပစ္စယော** - မြေမြင်းမိုရ်သည်၊ ထိုထိုစိမ်းရွှင်၊ မြက်သစ်ပင်အား၊ ထင်ရှားရှိနေ၊ ထောက်ပံ့ပေသို့၊ တွက်ရေကုံထံ၊ ရုပ်နှင့်နာမ်အား၊ ဆယ့်ငါးပါးတွင်၊ ထင်ရှားရှိခိုက်၊ အထိုက်လျော်ထ၊ ဥပတ္ထမ္ဘက - သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ထိုထိုရုပ်နာမ်ဟူသော သဟဇာတတ္ထိ, ပုရေဇာတတ္ထိ, ပစ္ဆာဇာတတ္ထိ, ကဗဠီကာရာဟာရတ္ထိ, ရူပဇီဝိတိန္ဒြိယတ္ထိ - ငါးပါးပစ္စည်းတရားလည်းကောင်း၊ (ဤအတ္ထိငါးပါးသည် အစဉ်အတိုင်း သဟဇာတ, ပုရေဇာတ, ပစ္ဆာဇာတ, ရုပ်အာဟာရ, ရူပဇီဝိတိန္ဒြိယ-ငါးပါးတို့နှင့်တူ၏။ ထို့ကြောင့် အကျဉ်းမျှသာ အနက်သမ္ဗန်လိုက်သည်။)

www.burmeseclassic.com


www.burmeseclassic.com

(၂၂) နတ္ထိပစ္စယော - မိုက်မှောင်ဖြစ်စေ၊ ငြိမ်းသေလေပြီး၊ ဆိတ်ငြိမ်ပုံသွေး၊ ဖြစ်ခွင့်ပေး၍၊ ကျေးဇူးပြုခြင်း လက္ခဏာရှိသော နတ္ထိ ပစ္စည်းတရားလည်းကောင်း။ (အနန္တရနည်းတူ)

(၂၃) ဝိဂတပစ္စယော - နေရောင်ပျောက်ကင်း၊ လရောင်လင်းသို့၊ ချုပ်ကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဝိဂတပစ္စည်းတရားလည်းကောင်း။ (အနန္တရနည်းတူ)


(၂၄) အဝိဂတပစ္စယော - ငါးတို့ပျော်ရာ၊ မဟာသမုဒ်၊ ရေအစုပ်သို့ မချုပ်တင်းလင်း၊ မကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော အဝိဂတ-ပစ္စည်းတရားလည်းကောင်း။ (အတ္ထိနည်းတူ)

ဣတိ၊ ဤသို့၊ စတုဝီသတိပစ္စယာ၊ နှစ်ဆယ့်လေးပါးအကြောင်းတရားတို့သည်။ မဟာပကရဏော၊ အနန္တနယ သမန္တပဋ္ဌာန်းကျမ်းကြီး၌၊ ဋ္ဌိတာ၊ တည်ကုန်၏။




www.burmeseclassic.com

www.burmeseclassic.com





# မဟာပဋ္ဌာန်း
# ပုစ္ဆာဝါရပါဠိတော်

၁-တိကပဒ

၂၅။ သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

သိယာ ကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

သိယာ ကုသလံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

သိယာ ကုသလံ ဓမ္မံ ပဋိစ္စ အကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော စ အကုသလော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော စ အကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

www.burmeseclassic.com

www.burmeseclassic.com



## ၂- အကုသလပဒ

၂၆။ သိယာ အကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

သိယာ အကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

သိယာ အကုသလံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

သိယာ အကုသလံ ဓမ္မံ ပဋိစ္စ ကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

သိယာ အကုသလံ ဓမ္မံ ပဋိစ္စ အကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

သိယာ အကုသလံ ဓမ္မံ ပဋိစ္စ ကုသလော စ အကုသလော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

သိယာ အကုသလံ ဓမ္မံ ပဋိစ္စ ကုသလော စ အကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

## ၃- အဗျာကတပဒ

၂၇။ သိယာ အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

သိယာ အဗျာကတံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။



သိယာ အဗျာကတံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

သိယာ အဗျာကတံ ဓမ္မံ ပဋိစ္စ ကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

သိယာ အဗျာကတံ ဓမ္မံ ပဋိစ္စ အကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

သိယာ အဗျာကတံ ဓမ္မံ ပဋိစ္စ ကုသလော စ အကုသလော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

သိယာ အဗျာကတံ ဓမ္မံ ပဋိစ္စ ကုသလော စ အကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

## ၄- ကုသလာဗျာကတပဒ

၂၈။ သိယာ ကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

သိယာ ကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

သိယာ ကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

သိယာ ကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋိစ္စ ကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

www.burmeseclassic.com

www.burmeseclassic.com



သိယာ ကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋိစ္စ အကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

သိယာ ကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋိစ္စ ကုသလော စ အကုသလော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

သိယာ ကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋိစ္စ ကုသလော စ အကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

### ၅- အကုသလာဗျာကတပဒ

၂၉။ သိယာ အကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

သိယာ အကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

သိယာ အကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

သိယာ အကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋိစ္စ ကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

သိယာ အကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋိစ္စ အကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

သိယာ အကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋိစ္စ ကုသလော စ အကုသလော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

သိယာ အကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋိစ္စ ကုသလော စ အကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

### ၆- ကုသလာကုသလပဒ

၃၀။ သိယာ ကုသလဉ္စ အကုသလဉ္စ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

သိယာ ကုသလဉ္စ အကုသလဉ္စ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

သိယာ ကုသလဉ္စ အကုသလဉ္စ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

သိယာ ကုသလဉ္စ အကုသလဉ္စ ဓမ္မံ ပဋိစ္စ ကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

သိယာ ကုသလဉ္စ အကုသလဉ္စ ဓမ္မံ ပဋိစ္စ အကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

သိယာ ကုသလဉ္စ အကုသလဉ္စ ဓမ္မံ ပဋိစ္စ ကုသလော စ အကုသလော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

www.burmeseclassic.com

www.burmeseclassic.com

သိယာ ကုသလဉ္စ အကုသလဉ္စ ဓမ္မံ ပဋိစ္စ ကုသလော စ အကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

### ၇- ကုသလာကုသလာဗျာကတပဒ

၃၁။ သိယာ ကုသလဉ္စ အကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

သိယာ ကုသလဉ္စ အကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

သိယာ ကုသလဉ္စ အကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

သိယာ ကုသလဉ္စ အကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋိစ္စ ကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

သိယာ ကုသလဉ္စ အကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋိစ္စ အကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

သိယာ ကုသလဉ္စ အကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋိစ္စ ကုသလော စ အကုသလော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

သိယာ ကုသလဉ္စ အကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋိစ္စ ကုသလော စ အကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။ ။ ဟေတုပစ္စယ ဝါရော။



မှတ်ချက်။ ။ ဟေတုပစ္စည်း၌ အထက်ပါအတိုင်း ၇-ပိုဒ် ရွတ်ဖတ်သကဲ့သို့ အာရမ္မဏပစ္စည်းစသော ကျန်သော ၂၃-ပစ္စည်းတို့၌လည်း ၇-ပိုဒ်စီရွတ်ဖတ်ပါ။ အဆုံးသတ်ဖြစ်သော (ဟေတုပစ္စယာ) နေရာတို့၌ (အာရမ္မဏပစ္စယာ)- (အဓိပတိပစ္စယာ) စသည် ပြောင်းဆိုရုံမျှသာ ထူးပါသည်။ ပဋ္ဌာန်း ၁-ပစ္စည်း၌ ၇-ပိုဒ် ထွက်ပါသဖြင့် ၂၄-ပစ္စည်း၌ အပိုဒ်ပေါင်း ၁၆၈-ပိုဒ် ထွက်လာပါမည်။ (၂၄- ပစ္စည်း အနုလုံ ၁၆၈-ပိုဒ် ဖြစ်ပါသည်။)

၂၄- ပစ္စည်း ပစ္စနီက်၌လည်း ၁၆၈-ပိုဒ်ပင် ထွက်ပါသည်။ အနုလုံ ၁၆၈-ပိုဒ်တို့၏ အဆုံးသတ်ဖြစ်သော (ဟေတုပစ္စယာ, အာရမ္မဏပစ္စယာ) စသော ၂၄-ပစ္စည်းတို့၌ (န) တစ်လုံးတိုး၍ (န-ဟေတုပစ္စယာ၊ န-အာရမ္မဏပစ္စယာ) စသည်ဖြင့် ပြောင်းဆိုရုံမျှသာ ထူးပါသည်။ ကျန်သောပါဠိတော်များ ပြောင်းလဲမှုမရှိပါ။ အနုလုံ၁၆၈၊ ပစ္စနီက် ၁၆၈၊ နှစ်ရပ်ပေါင်း ၃၃၆-ပိုဒ်တို့ကို ကြည်ညိုသဒ္ဓါ ရွတ်ဖတ်ပူဇော်တော်မူကြပါရန် တိုက်တွန်းပါ၏။

(နမူနာမျှသာဖြစ်ပါသည်၊ နည်းကိုသိပါက ပဋ္ဌာန်းပုစ္ဆာဝါရသည် တစ်သက်လုံး ရွတ်မကုန်အောင် များပြားကျယ်ဝန်းပါ၏။ ပညာရှင်များထံ၌ နည်းခံ၍ ရွတ်အံသရဇ္ဈာယ်နိုင်ကြပါစေ။)

www.burmeseclassic.com

www.burmeseclassic.com



## လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏
## ရောင်ခြည်တော်ခြောက်သွယ်ဖွင့်
## ရှစ်လုံးဖွဲ့ကဗျာများ

၁။ ဘုန်းတော်အောင်ပန်း - ညောင်နန်းမဏ္ဍိုင်၊
ပလ္လင်ဘူမိ - ဗောဓိခရိုင်
ပြိုင်ဆိုင်ရန်လှေး - မာရ်သေးခုတ်ချိုင်၊
သစ္စာပန်း - ဆင်မြန်းရွှေလက်ကိုင်။

၂။ ရေမြေဘာဝင် - ပျံတက်ဆူဝေ၊
နတ်လူညှတ်ဦး - ထွတ်ဖူးပရမေ၊
သတ္တာသတ္တ - ပြောင်းကြွကွန့်ချွေ၊
ရွှေအိမ်နန်း - စံမြန်း ခါတဲ့လေ။

၃။ ဟောတူ ဟောတု - မြေထုလှိုင်ခုန်၊
ရွှေဉာဏ်တော်စွမ်း - ပဋ္ဌာန်းအစုံ။
ဆင်ခြင်တုံဘိ - ပဋိ နုလုံ၊
ကိုယ်တော်ကြီး - ရေမီး ဝိုက်သန်းခြုံ။

### (၁) နီလရောင်ခြည်တော်မွှဲ

၄။ ဆံကေမြကုံး - မျက်လုံးမျက်တောင်။
မုတ်ဆိတ်တော်များ - မြသားအရောင်။
အစိတ်စိတ်မှ - ဖိတ်ဖိတ်ညိုမှောင်၊
ထိန်ထိန်လျှမ်း - တိမ်ပန်း အာကာဘောင်။



၅။ မြရောင်ပြိုသ - နီလခေါ်ဆို၊
စိမ်းပြာမှောင်ခဲ - အောင်မဲအညို။
ထွက်ကွန့်မြူးတော့ - ကြည်နူးဖွယ်ကို၊
နီလာယပ် - လွှဲခတ်နေသလို။

၆။ ကြာညိုလှိုင်တုန်း - မြိုင်လုံးပွင့်ဟန်၊
တိမ်ညိုပုဆိုး - ဖြန့်မိုးပြတာန်။
ဥဒေါင်းလည်ရေး - မြသွေးသဏ္ဍာန်၊
တစ်ခွင်လုံး - ရှွင်ပြုံး မြရေကန်။

### (၂) ပီတရောင်ခြည်တော်မွှဲ

၇။ အရေတော်ပါး - ရွှေသားသိင်္ဂီ၊
ဝါလျှံထိန်ဝင်း - ကိုယ်တွင်းအဆီ။
ကြည်ကြည်ပလုံ့ - ပီတရံသီ။
တလက်လက် - ပေါ်ထွက်ပြန့်ကြပြီ။

၈။ နေရောင်ထိုးယှက် - ပြိုးပြက်ရွှေတောင်၊
ရွှေရည်ရွှေမိုး- ချွေဖြိုးသယောင်။
ရွှေပြတာန်မိုး - ပြိုးပြိုး ပြောင်ပြောင်။
လွှဲလွှဲခတ် - ရွှေယပ် ရာသောင်းထောင်။

၉။ မဟာလှေကား - စံကားရွှေနွယ်။
ရွှေရောင်ဓာတ်သန်း - လျှပ်ပန်းသဖွယ်။
ရှမခန်းပ - ဆန်းဆန်းကြွယ်ကြွယ်။
တိုက်အလုံး - ရွှေအုံး ဆင်သခြယ်။

www.burmeseclassic.com

www.burmeseclassic.com

### (၃) လောဟိတရောင်ခြည်တော်ဖွဲ့

၁၀။ လျှာတော်နှုတ်ခမ်း - နီမြန်းစုံညီ၊
ခြေလက်နှစ်ပါး - ဖဝါးအနီ။
ကိုယ်တော်အသွေး - တွေးတွေးရဲသီ၊
ထွက်ကွန့်မြန်း - ခက်ပန်း ခိုင်နှင်းဆီ။

၁၁။ ပတ္တမြားကြီး- နေမီးတူပြိုင်၊
နီထွေးရောင်လျှမ်း- ခေါင်ရမ်းအခိုင်။
တိမ်ပန်းတိမ်ညွှန့်- လိမ်တွန့်ဆိုင်ဆိုင်၊
ရဲရဲညို- မဏိ ကျောက်ဂူလိုဏ်။

၁၂။ ကမ္ဗလာဖဲ - ရဲရဲရစ်ရှဲ၊
ပြတာန်ဖြန့်မိုး - နီမျိုးအစုံ။
မဏိယပ်ဆွဲ - ခတ်လွှဲသည်ပုံ၊
တိုက်ခပင်း - အလင်းပိုက်သိမ်းခြုံ။

### (၄) ဩဒါတရောင်ခြည်တော်ဖွဲ့

၁၃။ စွယ်တော်လေးဓာတ် - သွားမြတ်လေးဆယ်၊
ဥဏ္ဏာလုံမွေး - ဖြူဖွေးအနွယ်။
မျက်ဖြူတော်မြတ် - ရိုးဓာတ်သွယ်သွယ်၊
ဩဒါတ - ဖြူဆွ လွှန်စင်ကြယ်။

၁၄။ စံပယ်ကြက်ရုံး - ငွန်ကုံးပန်းမန်၊
ဘွဲ့ဖြူပုဆိုး - ဖြန့်မိုးပြတာန်။
ပုလဲဆင့်လို့ - ရွှဲနှင့်ဖန်မှန်။
အရှိန်ဟပ် - စိန်လျှပ် ပုံသဏ္ဍာန်။



၁၅။ စိန်ကျောက်ခပဲ - မြောက်ကြဲမှောက်သွန်၊
သုန်သုန်လေဖြန်း - ရေပန်းတံခွန်။
ငွေရေယာဉ်ကြီး - ကျစီးငွေပြွန်၊
ဖြူရောင်ဖွေး - ရောထွေး လိမ်ယှက်လွှန်။

၁၆။ ငွေပုဏ္ဏိန်စန်း - လနန်းယှဉ်ဆောင်၊
ယုန်ဖြူစက်ဝန်း - တက်ထွန်းသယောင်။
နှဲ့တသိမ့်သိမ့် - ငြိမ့်ငြိမ့်ပါအောင်၊
ခတ်လေပြေး - ငွေသား ငွေယပ်တောင်။

၁၇။ ဘုံနယ်တလွှား - ဘော်သား ဘော်ဆိုင်၊
ကြယ်စုံသောက်ရှူး - တောက်မြူးအပြိုင်။
ဖြူရောင်ယှက်လို့ - ဘဝဂ်ဘုံတိုင်၊
ဆင့်ဆင့်ပြေး - ဖြူဖွေး ဘယ်ဆုံးနိုင်။

### (၅) မဉ္ဇိဋ္ဌရောင်ခြည်တော်ဖွဲ့

၁၈။ ဆံတော်အဖျား - ဖဝါးတော်တိုင်၊
ရွှေကိုယ်တော်လုံး - ပတ်ကုံးတပြိုင်။
အစိတ်စိတ်မှ - ဖိတ်ဖိတ်ရောင်ဆိုင်၊
မဉ္ဇိဋ္ဌ - ထွက်ကြွ ကွန့်မြူးလှိုင်။

၁၉။ သပြေမှည့်ကြီး - အသီးရောင်ပေ၊
မိုးကြိုးရည်ကောင်း - နီမောင်းသလေ။
ခရမ်းရင့်ရင့် - ပန်းပွင့်ပုံနေ။
ရှုမညောင်း - ရောင်မောင်း လျှံကွန့်ဝေ။

www.burmeseclassic.com

www.burmeseclassic.com

## (၆) ပဘဿရ ရောင်ခြည်တော်ဖွဲ့

၂၀။ နီတွေးနုထွား - ဖဝါးတော်စုံ၊
ရောင်လျှံတော်ဆုံး - ကိုယ်လုံးအကုန်။
အစိတ်စိတ်မှ - ဖိတ်ဖိတ်ရောင်ဟုန်၊
ပြိုးပြိုးပြက် - မြန်းထွက်လေကြပုံ။

၂၁။ ဆေးစုံစပ်နှော - မြတ်သောရောင်ရှိန်၊
မီးပန်းလျှပ်ပန်း - နတ်နန်းဝတီ။
ဥက္ကာကြယ်ကြီး - ညီးညီးထိန်ထိန်၊
နေရောင်ယှက် - ဒေါင်းကွက် ရတီစိန်။

၂၂။ ယိမ်းတန္ဓဲ့နွဲ့ - စိမ်းလဲ့ဝါရောင်၊
ပန်းစုံဆင်နွှဲ - လွှင့်ကြသယောင်။
မိလ္လာဆန်းတဲ့ - တိမ်ပန်းတိမ်တောင်၊
လက်လက်လျှမ်း - ပြက်သန်း နေသောင်းထောင်။

### ရောင်ခြည်တော်ခြောက်ပါး မြူးကွန့်ဟန်

၂၃။ ခြောက်ဖြာလူးလွန့် - မြူးကွန့်ရောင်ဝေ၊
ကျောက်မျိုးစိန်မျိုး - မှိန်ညှိုးသလေ။
ဘုံ၊ ဗြဟ္မာ၊ နတ် - ပြာသာဒ်ဆောင်တွေ၊
ထွန်းနိုင်ပဲ - ပြာမွဲ မှောင်ရချေ။

၂၄။ မြရောင်စိန်ရော - မှိန်သောရောင်ခြည်၊
နေဝန်းလဝန်း - ပ ထွန်းမကြည်။
ဗြဟ္မာဂိုဏ်းနှင့် - နတ်တိုင်းရွှေပြည်၊
နေရောင်ဖုံး - ပိုးစုန်း တူကြသည်။



၂၅။ လောကဓာတ်လုံး - မဆုံးနိုင်ပေါင်၊
ဒိသာဆယ်ခန်း - ကြွမြန်းအရောင်။
မြေထု၊ ရေထု - လေထု ကုန်အောင်၊
ဆင့်ဆင့်စွဲ - တင့်ကဲ ထိန်တောက်လောင်။

၂၆။ ပဌာန်းသိမ်မွေ့ - ရှိန်ငွေ့တော်ပင်၊
ခြောက်ဆူရောင်ဖြိုး - တန်ခိုးအရှင်။
ဆဗ္ဗညုဟု - မည်ရကျော်ထင်၊
ဦးညွှတ်တွား - ဘုရားမြတ်သခင်။

၂၇။ ကြည်ညိုလေးမြတ် - ရေးစပ်နှိုင်းချိန်၊
လယ်တီပဏ္ဍိ - ကဝိကဝိန်၊
သဒ္ဒါပွားလို့ - နာကြားမြိန်မြိန်၊
ရွတ်ဆိုရေး - လှူပေး ဉာဏ်စက်ရှိန်။

ရောင်ခြည်တော် ခြောက်သွယ်ဖွင့်
ရှစ်လုံးဖွဲ့ကဗျာများ ပြီး၏။

www.burmeseclassic.com

www.burmeseclassic.com



## ကျေးဇူးတော်ရှင်လယ်တီဆရာတော်ဘုရားကြီး၏
## ခုနစ်နေ့ဘုရားရှိခိုး

### သန္ဓေတော်ယူသောနေ့

(မ) ၁။ သုံးလူ့ရှင်ပင်၊ ကျွန်ုထိပ်တင်၊ သောင်းခွင်စကြာဝဠာ၊ နတ်ပြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂို၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည် . . . နတ်လူငြိမ်းဖို့ ကိန်းပါကို။
(ကြာသပတေးနေ့)

### ဖွားမြင်တော်မူသောနေ့

(သိ) ၂။ သန္ဓေယူခါ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြို၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံညီ၊ လုမ္ဗိနီ၌ မဟီလှိုက်ဆူ၊ ဖွားတော်မူသည် . . . နတ်လူအောင်မြို့ လမ်းပါကို။ (သောကြာနေ့)



### တောထွက်တော်မူသောနေ့

(ကြ) ၃။ ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်၌၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်မူ၍ ရွယ်မှုနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည် . . . စုံမြိုင်ပင်ရိပ် ခန်းမှာကို။
(တနင်္လာနေ့)

### ဘုရားဖြစ်တော်မူသောနေ့

(လျှင်) ၄။ တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်တပုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ၊ ပလ္လင်ဘွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မငြီးကြည်ဖြူ၊ နေတော်မူလျက်၊ ရန်သူခပင်း၊ အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည် . . . သုံးဖော်လူတို့ ငြိမ်းပါကို။ (ဗုဒ္ဓဟူးနေ့)

www.burmeseclassic.com

www.burmeseclassic.com



### မွေစကြာဘောတော်မူသောနေ့

(တွေး) ၅။ ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဖွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီ တစ်သောင်း၊ တိုက်အပေါင်းမှ၊ ခညောင်း ကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မ စက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြား သည် . . . တရားနတ်စည် ရွှမ်းတယ်ကို။ (စနေနေ့)

### ပရိနိဗ္ဗာန်စံတော်မူသောနေ့

(ဆ) ၆။ တရားနတ်စည်၊ ဆော်ရွှမ်းလည်က၊ သုံး မည် ဘုံသိုက်၊ တစ်သောင်းတိုက်ဝယ်၊ ကျွတ်ထိုက်သသူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါ ကို၊ ခေမာသောင်သို့၊ ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊ သက် ကားရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ ရာလေး ဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊ စံနိုင်းမယုတ်၊ ကုသိနာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့ နိဗ္ဗာန် စံတော်မူသည် . . . ဝှန်းဆူသောင်း လုံးကျော်တယ်ကို။ (အင်္ဂါနေ့)



### တေဇောဓာတ်လောင်တော်မူသောနေ့

(ဦး) ၇။ နိဗ္ဗာန်စံပြီ၊ ရှမအီသား၊ သိင်္ဂီရွှေလျှော်၊ အ လောင်းတော်ကို၊ ထိုရော်ကဆုန်၊ လဆုတ် ကြုံ၍၊ ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနှော၊ ဓာတ် တေဇောလျှင်၊ ရှင်စောညာဏ်စက်၊ မိဋ္ဌာန် ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဇော် သည် . . . မွေ့တော်ရှစ်စိတ် . . . ကြွင်းတယ်ကို။ (တနင်္ဂနွေနေ့)

** ထိုခုနစ်နေ့၊ သာချမ်းမြေ့ကို၊ ဆွေ့ဆွေ့ကြည် ဖြူ၊ အာရုံယူလျက်၊ သုံးလူတို့နတ်၊ မြတ်ထ- က်မြတ်သား၊ ကိုယ်တော်ဖျားကို၊ သုံးပါးမှန်စွာ၊ ဝန္ဒနာဖြင့်၊ သဒ္ဒါဖြိုး ဖြိုး၊ ကျွန် ရှိခိုးသည် . . . ကောင်းကျိုးခပ်သိမ်း ကြွယ်စေသောဝ်။

www.burmeseclassic.com

www.burmeseclassic.com



## ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏
## သတ္တဋ္ဌာနဘုရားရှိခိုး

### ပလ္လင်္ကသတ္တာဟ

(၁) ဘုန်းရောင်ထွန်းထိန်၊ စောမုနိန်၊ ပညိန္ဒြေ၊ ချွေရာမှန်သိ၊ ဗောဓိကြငှန်း၊ ရွှေညောင်နန်းဝယ်၊ ထူးဆန်းအံ့လောက်၊ မြေမှပေါက်သား၊ ရောင်တောက်မာရ်နှင်၊ ရွှေပလ္လင်ထက်၊ သဗ္ဗညုတ၊ ဉာဏ်ကိုရပြီး၊ သတ္တာဟရက်၊ ဖွဲ့ခွေလျက်ပင်၊ ငြိမ်သက်တင့်တယ်၊ သုံးစံပယ်သည့် . . . ဘုန်းကြွယ်လက်ဦး ပွဲပေကို။

### အနိမိသသတ္တာဟ

(၂) နှစ်ကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ မာရပယ်လှန်၊ ပလ္လင်ပျံမှ၊ သေန်တူရူ၊ ရပ်တော်မူလျက်၊ ကြည်ဖြူငြိမ်းချမ်း၊ ပလ္လင်နန်းကို၊ ဖြောင့်တန်းစက္ခု၊ စိမ်းစိမ်းရှုလျက်၊ သုံးလူ့ရှင်ပင်၊ ပျော်စံရှင်သည့် . . . ကြည်လင်ညွှတ်နူး ဖွယ်ပေကို။



### စင်္ကမသတ္တာဟ

(၃) သုံးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ မြောက်ခွင် ဥတ္တရာ၊ စင်္ကြံသာ၌၊ လူးလာတုံ့ခေါက်၊ ကြွချီလျှောက်၍၊ ဘုန်းတော်ဘုရား၊ ပျော်စံစားသည် . . . တရားဆင်ခြင်လျက်ပေကို။

### ရတနာဃရသတ္တာဟ

(၄) လေးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်နှင့် ပလ္လင်ထွန်းတောက်၊ အနောက်မြောက်ဝယ်၊ အံ့လောက်ဖွယ်ရာ၊ ရတနာရိပ်ငြိမ်၊ စံရွှေအိမ်၌၊ ကြိမ်ကြိမ်ဖန်ခါ၊ ဘိဓမ္မာကို၊ မဟာဉာဏ၊ သာဂရဖြင့်၊ ဗုဒ္ဓရှင်ပင်၊ သုံးဆင်ခြင်သည့် . . . ရောင်ရှင်ခြောက်ဖြာ ညီးလို့ကို။

### အဇပါလသတ္တာဟ

(၅) ငါးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ ရှေ့ခွင်ပြဒ္ဒါ၊ ရပ်ဒိသာဝယ်၊ ကြီးစွာမြင့်ခေါင်၊ ဆိတ်ကျောင်းညောင်၌၊ ဘုန်းခေါင်ပရမ၊ စံပယ်နေသည် . . . ရှိသေမြတ်နိုးဖွယ်ပေကို။

www.burmeseclassic.com



## မုစလိန္ဒသတ္တာဟ

(၆) ခြောက်ကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ပလ္လင်ရွှေညောင်၊ အရှေ့တောင်၌၊ မြရောင်လိုလို၊ ရေညှိုပြည့်လျှမ်း၊ ကြာပန်းညွှတ်ရှုံ၊ ပန်းမျိုးစုံသည်၊ မုစလိန္ဒာ၊ အိုင်သာဖြန့်ကျင်း၊ ကျည်းပင်ရင်းဝယ်၊ သနင်းလှဆွေ၊ စံပယ်နေသော်၊ မိုးလေထန်ပြင်း၊ သွန်းချခြင်းကြောင့်၊ မြွေမင်းရန်ဟန့်၊ ပါးပျဉ်းဖြန့်လျက်၊ ခွေအုံတန်ခိုး၊ ဆောင်းကာမိုးသည် . . . ရှေးကျိုးသမ္မာတော်ကြောင့်ကို။

## ရာဇာယတနသတ္တာဟ

(၇) ခါသတ္တမ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ တောင်ပြင်လက်ယာ၊ မြေမျက်နှာဝယ်၊ ရာဇာယတန၊ မည်ရခေါ်တွင်၊ လင်းလွန်းပင်၌၊ သဗ္ဗညုဖျား၊ ပျော်စံစားသည် . . . ကြီးမားဉာဏ်တော်ဖွင့်လို့ကို။

** ထိုခုနစ်ပါး၊ အရပ်များကို၊ ရှေ့သွားသဒ္ဒါ၊ ကြည်ညိုစွာလျှင်၊ ဝန္ဒနာမာန၊ ဂါရဝဖြင့်၊ ဦးချညွှတ်ကျိုး၊ ကျွန်ရှိခိုးသည် . . . ကောင်းကျိုးခပ်သိမ်းပြည့်စေသော်။



## ကျေးရူးရှင် ဒီပဲယင်းဆရာတော်ဘုရားကြီး၏
## မေတ္တာ အာသိသ

၁။ ပရေသံ ဟိတ မိစ္ဆေယျံ၊ ဟိတံ မေ ကုဗ္ဗတံ ပရော။
နာညဿ ဒုက္ခမိစ္ဆေယျံ၊ မာ မေ ဒုက္ခံ ကုဗ္ဗတံ ပရော။

အဟံ-ငါသည်၊ ပရေသံ-သူတစ်ပါးတို့၏၊ ဟိတံ-အကျိုးစီးပွားကို၊ ဣစ္ဆေယျံ-လိုလားနှစ်သက် ဆောင်ရွက်နိုင်ရပါလို၏။ ပရောစ-သူတစ်ပါးသည်လည်း၊ မေ-ငါ၏၊ ဟိတံ-အကျိုးစီးပွားကို၊ ကုဗ္ဗတံ ကုဗ္ဗတု-လိုလားနှစ်သက်ဆောင်ရွက်ပါစေသတည်း။ အဟံ-ငါသည်၊ အညဿ-သူတစ်ပါး၏၊ ဒုက္ခံ-ကိုယ်စိတ်နှစ်ပါး ဆင်းရဲပင်ပန်းခြင်းကို၊ န ဣစ္ဆေယျံ-မလိုလားမနှစ်သက်ပါရစေလင့်၊ ပရောစ-သူတစ်ပါးကလည်း၊ မေ-ငါ၏၊ ဒုက္ခံ-ကိုယ်စိတ်နှစ်ပါးဆင်းရဲပင်ပန်းခြင်းကို၊ မာ ကုဗ္ဗတံ မာ ကုဗ္ဗတု-မလိုလားမနှစ်သက် မဆောင်ရွက်ပါစေသတည်း။

၂။ န ဟိံ သေယျံ ပရံ ပါဏံ၊ မာ မံ ဝိဟေသတံ ပရော။
န စ ဘာဝေ အဟံ ဝေရီ၊ မာ ဝေရီ ဟောတု မေ ပရော။

အဟံ-ငါသည်၊ ပရံပါဏံ-တခြားတစ်ပါး သတ္တဝါများကို၊ နဟိံ သေယျံ-မညှင်းဆဲမနှိပ်စက်ရပါလို၊ ပရောစ-သူတစ်ပါးကလည်း၊ မံ-ငါ့ကို၊ မာ ဝိဟေသတံ-မညှင်း


www.burmeseclassic.com




ဆဲ မနှိပ်စက်ပါစေသတည်း၊ အဟံ-ငါသည်၊ ပရဿ-သူ တစ်ပါး၏၊ ဝေရီ-ရန်သူသည်၊ န ဘဝေ-မဖြစ်ရပါလို၊ ပရော စ-သူတစ်ပါးကလည်း၊ မေ-ငါ၏၊ ဝေရီ-ရန်သူ သည်၊ မာ ဘဝေ-မဖြစ်ပါစေသတည်း။

၃။ ကုမ္မဂ္ဂံ ဝိဝဇ္ဇေတွာ၊ သုမဂ္ဂံ ယန္တု ပါဏိနော။
ဝဋ္ဋာဟံ ဝိဝဇ္ဇေတွာ၊ ဥဇုံ သုမဂ္ဂကော ဘဝေ။

သဗ္ဗေ-အလုံးစုံကုန်သော၊ ပါဏိနော-သတ္တဝါအ ပေါင်းတို့သည်၊ ကုမ္မဂ္ဂံ-လမ်းမှား နည်းမှား ခရီးမှားကို၊ ဝိဝဇ္ဇေတွာ-ရှောင်ရှားဖယ်ကြဉ်၍၊ သုမဂ္ဂံ-နည်းမှန် လမ်း မှန် ခရီးမှန်ကို၊ ဥဇုံ-ဖြောင့်ဖြောင့်မတ်မတ်၊ ယန္တု-လိုက် သွားနိုင်ကြပါစေကုန်သတည်း။ အဟဥ္စ-ငါသည်လည်း၊ ဝဋ္ဋံ-လမ်းကောက် လမ်းညစ်ကို၊ ဝိဝဇ္ဇေတွာ-ရှောင်ရှား ၍ ဥဇုံ-ဖြောင့်ဖြောင့်မတ်မတ်၊ သုမဂ္ဂကော-ကောင်း သော လမ်းမှန်ကို လိုက်သွားနိုင်သူသည်၊ ဘဝေ-ဖြစ်ရ ပါစေသတည်း။






www.burmeseclassic.com



# မေတ္တာပို့ ဂါထာတော်

ပဇာ သတ္တာ သုဿယန္တု၊ ဝုဋ္ဌဟန္တု သုမင်္ဂလာ။
ဒုသေန္တု ဒုဂ္ဂတိ ဂါမိ၊ ပူရေန္တု သဗ္ဗပါရမီ။

ပဇာသတ္တာ-ကိုယ်စီကိုယ်ငှ ကိုယ့်ဒေသ၌ ပျော်ကြစပ်ရာ သတ္တဝါဟူသမျှတို့သည်၊ သုဿယန္တု-အိပ်မက်ရာမက် ကောင်းစွာမက်၍ နှစ်သက်ကြည်သာ အိပ်စက်တော်မူနိုင်ကြပါစေသတည်း၊ သုမင်္ဂလာ-မင်္ဂလာကျက်သရေ ယှက်ဝေလန်းသဖြင့် စန်းပွင့်ကြကုန်သည်ဖြစ်၍၊ ဝုဋ္ဌဟန္တု-ကောင်းစွာမိုးသောက် အလင်းရောက်လျှက် ထမြောက် နိုးကြားနိုင်ကြပါစေကုန်သတည်း။ ဒုဂ္ဂတိ ဂါမိ-အပါယ်ဒုဂ္ဂတိ ရောက်မည့်အကြောင်း မကောင်းညစ်ဆိုး ဒုစရိုက်မျိုးကို၊ ဒုသေန္တု-သူတော်လက်နက် တရားစက်ဖြင့် ဖြိုဖျက်နိုင်ကြပါစေသတည်း။ သဗ္ဗပါရမီ-အလောင်းအလျာ ဖြည့်ကောင်းရာသည့် သုံးဖြာဆယ်လီ ပါရမီအပေါင်း အကျင့်ကောင်းကို၊ ပူရေန္တု-တစ်ဆင့်ထက်တစ်ဆင့် ရင့်ထက်ရင့်အောင် မလင့်ပုံသေ ဖြည့်ကျင့်နိုင်ကြပါစေသတည်း။

(အရှင်ဇနကာဘိဝံသ)

www.burmeseclassic.com

www.burmeseclassic.com

ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊
ဘယပ္ပတ္တာ စ နိဗ္ဘယာ။
သောကပ္ပတ္တာ စ နိသောကာ၊
ဟောန္တု သဗ္ဗေပိ ပါဏိနော။

ဒုက္ခပ္ပတ္တာ - ဆင်းရဲဒုက္ခ ရောက်နေကြကုန်သော၊ သဗ္ဗေပိ-ကြွင်းမဲ့ဥဿုံ အလုံးစုံလည်းဖြစ်ကြကုန်သော၊ ပါဏိနော-တိုင်းသူပြည်သား ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည်၊ နိဒ္ဒုက္ခာ စ-ဆင်းရဲဒုက္ခ ကင်းဝေးကြကုန်သည်လည်း၊ ဟောန္တု-ဖြစ်ကြပါစေကုန်သတည်း။ ဘယပ္ပတ္တာ- ကြောက်လန့်မအေး ဘေးနှင့်ရင်ဆိုင်တွေ့နေကြကုန်သော၊ သဗ္ဗေပိ-ကြွင်းမဲ့ဥဿုံ အလုံးစုံလည်းဖြစ်ကုန်သော၊ ပါဏိနော-တိုင်းသူပြည်သား ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည်၊ နိဗ္ဘယာ စ-ကြောက် လန့်ကင်းကွာ ဘေးဘယာ မရှိကြကုန်သည်လည်း၊ ဟောန္တု - ဖြစ်ကြပါစေ ကုန်သတည်း၊ သောကပ္ပတ္တာ - စိုးရိမ်ကြောင့်ကြ ဗျာပါရသို့ ရောက်၍နေကြကုန်သော၊ သဗ္ဗေပိ-ကြွင်းမဲ့ ဥဿုံ အလုံးစုံလည်း ဖြစ်ကြကုန်သော၊ ပါဏိနော-တိုင်းသူပြည်သား ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည်၊ နိသောကာ စ-ကြောင့်ကြမဲ့လျှင်း စိုးရိမ်ခြင်း မရှိကြကုန်သည်လည်း၊ ဟောန္တု-ဖြစ်ကြပါစေကုန်သတည်း။



# နတ်ပို့ အမျှဝေဂါထာတော်

ဧတ္တာဝတာ စ အမှေဟိ၊ သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါ နုမောဒန္တု၊ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ။

ဧတ္တာဝတာ စ-သဒ္ဓါစေတနာ ဝေဖြာ သန့်ရှင်းညစ်ကြေးကင်း၍ ထိန်လင်းကျက်သရေ ယုန်စက်ငွေသို့ လက်ဝေစေကြောင်းဖြစ်သော ဤမဟာပဋ္ဌာန်း ပရိတ်တရားတော်တို့ကို ရွတ်ဖတ်သရဇ္ဈာယ်၍ မြတ်စွာဘုရားကို ပူဇော်ခြင်းဖြင့် အမှေဟိ-အကျွန်ုပ်တို့သည်၊ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ-အလုံးစုံကုန်သော စည်းစိမ်ချမ်းသာ မင်္ဂလာကျက်သရေတို့နှင့် ပြည့်စုံပါစေခြင်းငှာ၊ သမ္ဘတံ-ကောင်းစွာမပြတ် ဆည်းပူးအပ်သော၊ ပုညသမ္ပဒံ-ဖြူစင်သန့်ရှင်း ကုသိုလ်ကောင်းမှုတို့၏ ပြည့်စုံခြင်းကို၊ သဗ္ဗေ-ကြွင်းမဲ့ ဥဿုံ အလုံးစုံကုန်သော၊ ဒေဝါ-စကြဝဠာ အဖြာဖြာမှ ကြွလာသောင်းသောင်း နတ်ပြဟ္မာအပေါင်းတို့သည်၊ အနုမောဒန္တု-ဝမ်းမြောက်နုမော် သာဓုခေါ် နိုင်ကြပါစေကုန်သတည်း။

ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာ ဂတာ။

ဒါနံ-ပေးကမ်းစွန့်ကြဲ နည်းများမဟူ အလှူဒါနကို၊ သဒ္ဓါယ-ကံ, ကံ၏ အကျိုးကို ယုံကြည်လျက် ဒဒန္တု-ဘဝ, ဘောဂ တောင့်တမရှိ ပကတိစင်ဖြူ ပေးလှူနိုင်ကြပါစေ

www.burmeseclassic.com

www.burmeseclassic.com



ကုန်သတည်း၊ သဗ္ဗဒါ-နေ့ရောညဉ့်ပါ ဘယ်ခါမဆို၊ သီလံ-စာရိတ္တ, ဝါရိတ္တ မြတ်သီလကို၊ ရက္ခန္တု-မကျိုးမပေါက် စောင့်ရှောက်ထိန်းသိမ်းနိုင်ကြပါစေကုန်သတည်း၊ ဘာဝနာ ဘိရတာ-သမထ, ဝိပဿနာ ဘာဝနာ၌ ကောင်းစွာကြိုးပမ်းလျက် စီးဖြန်းမွေ့လျော်ကြကုန်သည်၊ ဟောန္တု-ဖြစ်ကြပါစေကုန်သတည်း၊ အာဂတာ-စကြဝဠာ ကမ္ဘာလောကဓာတ် အရပ်ရပ်မှ ဆိုက်ကပ်ညီညာ ရောက်လာကြကုန်သော၊ ဒေဝါ-နတ် ဗြဟ္မာအပေါင်းတို့သည်၊ ဂစ္ဆန္တု-သာဓု အနုမောဒနာ ဝမ်းမြောက်စွာလျှင် နှုတ်လျှာသံညီး ပြုပြီးလေဘိ မိမိတို့နေရာ ပျော်ဖွယ်ရာရိပ်ခန်း ဘုံဗိမာန်နန်းသို့ ကြွမြန်းတော်မူကြပါစေကုန်သတည်း။

## ၃၁ ဘုံသားတို့အား အမျှဝေဝါထာတော်

ပုညဘာဂ မိမံ စည်၊ သမံ ဒဒါမ ကာရိတံ။

အနုမောဒန္တု တံ သဗ္ဗေ၊ မေဒိနီ ဌာတု သက္ခိကေ။

အမှေဟိ-အကျွန်ုပ်တို့သည်၊ ကာရိတံ-စေတနာ ကွန့်မြူး သဒ္ဓါထူးဖြင့် ဆည်းပူးပြုလုပ်အပ်သော၊ ဣမဥ္စ ပုညဘာဂံ-ဤမဟာပဋ္ဌာန်းပရိတ်တရားတော်တို့ကို ရွတ်ဖတ်သရဇ္ဈာယ်၍ မြတ်စွာဘုရားအား လေးစားကော်ရော် ပူဇော်ခြင်းဟူသော ဤကုသိုလ်ကောင်းမှု၏ အဖို့အစုကိုလည်းကောင်း၊ အညဥ္စ ပုည ဘာဂံ-ထိုမှတစ်ပါး သင့်လျော်သောအခါ၌ ကောင်းစွာပြုစု ကုသိုလ်ကောင်းမှု၏ အဖို့အစုကိုလည်းကောင်း၊ သဗ္ဗေသံ-လူနတ်ဗြဟ္မာ သတ္တဝါမကြွင်း ခပင်းဥဿုံ အလုံးစုံတို့အား၊ သမံ ဒဒါမ-အညီအမျှရကြစေဗျာ ပေးဝေပါကုန်၏။ သဗ္ဗေ-လူနတ်ဗြဟ္မာ သတ္တဝါမကြွင်း ခပင်းဥဿုံ အလုံးစုံတို့သည်၊ တံ ပုညဘာဂံ-အကျွန်ုပ်တို့ ပေးဝေအပ်သော ထိုကုသိုလ်ကောင်းမှု အဖို့အစုကို၊ အနုမောဒန္တု-ဝမ်းမြောက်နှမော် သာဓုခေါ်နိုင်ကြပါစေကုန်သတည်း။ မေဒိနီ-ယူဇနာနှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီးသည်၊ အမှာကံ-အကျွန်ုပ်တို့၏ သက္ခိကေ-ကာလရှည်လျား မေ့လျော့ငြားလည်း ပြောကြားပါစေ သက်သေအရာ၌၊ ဌာတု-ယောင်ပုခက် အိုးထိန်းစက်သို့ သွက်သွက်လှုပ်ကာထံခွင်သာဝယ် တည်လှာရပ်တန့်ပါစေသတည်း။



## အမျှဝေလင်္ကာ

ဤသို့ပြုရ မြတ်ပုညကို၊ ကြီးထမြင့်ခေါင်၊ မြင်းမိုရ်တောင်ဦး၊ မကကြူးသည့်၊ ကျေးဇူးအရှင်၊ မွေးမိခင်နှင့်ဖခင်တို့အား၊ ရငြားပါစေ၊ အမျှဝေ၏၊ မသွေနိုင်မူ ဤကာယကို၊ စောင့်ထပေလတ်၊ ကိုယ်စောင့်နတ်လည်း၊ မလပ်စေရ၊ ပေးဝေ၍၏၊ မိတ္တဆွေညာ၊ ဆရာသမား၊ ဘိုးဘွားကာစ၊ ယမရာဇာ၊ ဒေဝယက္ခ၊ ရုက္ခဘုမ္မာ၊ အာကာ

www.burmeseclassic.com

www.burmeseclassic.com



သနတ်၊ အထူးမှတ်၍ အမြတ်ပုည၊ ကုသလကို၊ ရကြပါစေ၊ အမျှဝေ၏၊ သဗ္ဗေသတ္တာ၊ သတ္တာဝါဟု၊ နာနာလောက၊ အနန္တတွင်၊ မပြတ်စဉ်ကာ၊ သတ္တာဝါသ၊ ဘုံကိုးဝနှင့် ဝိညာဏဋ္ဌိတိ-ခုနစ်ပါး၊ များစွာလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျအား၊ အမျှကုသိုလ်၊ ပေးဝေလို၏၊ ထိုကုသလ၊ ဤပုညကို၊ အမျှရကြသည်ဖြစ်စေသော်၊ ဝသုန္ဒရေ၊ ဤမြေပံသု၊ သိလာထုလည်း၊ သက်သေအမှုတည်စေသော်။

အားလုံး ကြားကြားသမျှ အမျှ. . . အမျှ. . . အမျှ . . . ယူတော်မူကြပါကုန်လော့။ (၃) ခေါက်

သာဓု - သာဓု - သာဓု (၃ ခေါက်)

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု (၃ ခေါက်)

ဗုဒ္ဓသာသနံ-မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ ပရိယတ္တိသာသနာတော်, ပဋိပတ္တိသာသနာတော်, ပဋိဝေဓသာသနာတော်ဟု ဆိုအပ်သော သာသနာတော်မြတ် သုံးရပ်သည်၊ စိရံ-အနှစ်များမြောင် ကာလကြာလေအောင်၊ တိဋ္ဌတု-အရှည်ခံ၍ တည်တံ့တော်မူပါစေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

# တောင်းဆုပြည့်စုံ

ရွှေထီးတင်၍၊ ရွှေစင်ရောင်လျှံ
ရွှေပြားမံလျက်၊ ထက်ဝယ်ထိမ်ခွင်
ကောင်းကင်ဝင်းဝင်း၊ မိုးလုံးလင်းမျှ
နေမင်းစကြာ၊ သူရိယာလျှံ
ထွန်းဝါပြောင်ပြောင်၊ ခြည်တစ်ထောင်နှင့်
ထိမ်မှောင်လင်းပျောက်၊ ပြန်လာရောက်သို့
ကျောင်ချောက်နတ်ရှု၊ ဗြဟ္မာကစ
ထိုမှအများ၊ သုံးဆုံ့သားတို့
ခုနစ်ပါးရတနာ၊ ကိုယ်စီပါလျက်
များစွာဖျော်ဖျော်၊ ပူဇော်ကြလော
လိုရာယူလိုင်း၊ ဆုကြီးခိုင်းက
တောင်းတိုင်းပြည့်စုံ၊ တန်ခိုးဖုံသည်
ထိကုံ့စေတီ လှ၏တည်း။ ။

ရွှေတိဂုံပျို့ (ပေမူ)

Cover Photo : Win Aung (Shwedagone)

www.burmeseclassic.com